မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်၊ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၁၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၃၄၃)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ကော်မတီနှင့် ဆပ်ကော်မတီများ ရည်မှန်းချက်ထားပြီး လုပ်ငန်းစဉ်များ အံဝင်ခွင်ကျဆောင်ရွက် ပြိုင်ပွဲကြီးကို စည်ကားသိုက်မြိုက်စွာ အောင်အောင်မြင်မြင်ကျင်းပနိုင်ရေး ကြိုးပမ်း

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၂

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ သဘာပတိ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ခင်အောင်မြင့်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးကော်မတီဝင်များနှင့် ဆပ်ကော်မတီများမှ ကော်မတီဝင်များ၊ အဆို၊ အက၊ အရေး၊ အတီး၊ ဇာတ်သဘင်၊ ပြဇာတ်၊ ကွက်စိပ်၊ ရုပ်စုံသဘင်ပြိုင်ပွဲ ဘာသာရပ်ဆိုင်ရာ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

အင်္ဂါဂြိုဟ် လှေ့လာရေးယာဉ် အော်ပိုကျူနီတီ ဂြိုဟ်မျက်နှာပြင်ရှိ ချိုင့်ကြီးအတွင်း ဆင်းသက်

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင် (စာ - ၁၂)

မြန်မာ့အလင်း

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်နှင့် ကမ္ဘာတစ်လွှား အားကစား အညွှန်း

လာလီဂါဖလား ဘာစီလိုနာတို့ ဆွတ်ခူးနိုင်ပါ့မလား

ကမ္ဘာတစ်လွှားအားကစား (စာ-၁၃)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၁၃ ရက်)

ကြံသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆင်းရွှေလီကြံသီးနှံ တိုးချဲ့စိုက်ပျိုး

မျက်မှောက်ကမ္ဘာတွင် ကြံမှ အီသနောလောင်စာဆီ ကျယ်ပြန့်စွာ ထုတ်လုပ်လာခြင်းနှင့် သကြားအသုံးပြုစားသောက်ကုန်များ အရှိန်မြင့်ထုတ်လုပ်လာခြင်းတို့ကြောင့် သကြားလိုအပ်ချက် မြင့်မားလာလျက် ရှိသည်။

မြန်မာနိုင်ငံ၌ ကြံသီးနှံကို ပြည်တွင်းကုန်ကြမ်းလိုအပ်ချက်နှင့် ပြည်တွင်းစားသုံးမှု ဖူလုံစွာ ဖြည့်ဆည်းပေးပြီး ပြည်ပသို့ သကြားပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးအတွက် မျှော်မှန်းစိုက်ပျိုးလျက် ရှိသည်။

နေပြည်တော် ပျဉ်းမနားသည် ကြံသီးနှံ အထူးစိုက်ပျိုးဖြစ်ထွန်းရာ ဒေသဖြစ်သည်။ နိုင်ငံတော်က ပန်းတိုင်အထွက်တိုးသီးနှံ(၁၀)မျိုး လျာထားသတ်မှတ်ထားရာ ကြံသီးနှံသည်လည်း အပါအဝင်ဖြစ်သည်။ ကြံသီးနှံအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်မှာ တစ်ဧကလျှင် တန်၃၀ ထွက်ရှိရေးပင် ဖြစ်သည်။

ယခုအခါ နေပြည်တော် ပျဉ်းမနား၌ အထွက်နှုန်းကောင်းသော ဆင်းရွှေလီအမည်ရှိ ကြံသီးနှံအမျိုးအစားသစ်တစ်မျိုး စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေပြီ ဖြစ်သည်။ ဆင်းရွှေလီကြံသီးနှံသည် ပျမ်းမျှအမြင့် ၁၈ပေ၊ လုံးပတ် လေးလက်မခန့်ရှိသည်။ ပင်ပွားနှုန်းမှာ တစ်ပင်လျှင် ၁၀ပင်ခန့်ပွားနိုင်ပြီး တစ်ဧကပျမ်းမျှ တန်၅၀ကျော် ထွက်ရှိသည်။

သုတေသနပြု စိုက်ပျိုးလျက်ရှိသည့် အဆိုပါကြံမျိုးနှင့် စိုက်ပျိုးနည်းစနစ်များကို ကြံစိုက်တောင်သူများအား ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ကြံသီးနှံကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ၂၀၀၆–၂၀၀၇ခုနှစ် စိုက်ပျိုးရာသီတွင် ဧကလေးသိန်းနီးပါး စိုက်ပျိုးနိုင်ခဲ့သည်။

သို့ဖြစ်ရာ ကြံစိုက်တောင်သူများအနေဖြင့် နိုင်ငံတော်နှင့် မိမိတို့အတွက် အကျိုးဖြစ်ထွန်းစေမည့် အထွက်နှုန်းကောင်းရရှိစေရန် ဆင်းရွှေလီကြံအမျိုးအစားကို တိုးချဲ့စိုက်ပျိုးကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လက်ခံယူ

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ဈေးရပ်ကွက် ထောက်ကြံ့မြို့နေ ပါမောက္ခ ဒေါက်တာစောအောင်မြတ်သိန်း–ဒေါ်သန်းသန်း၊ သား ဒေါက်တာ စောသွင်မွန်သိန်း–ဒေါက်တာနန်းဆိုင်ဇင် မိသားစုက ငွေကျပ် နှစ်သိန်းငါးသောင်းကို လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးဘချိုနှင့် ဦးသိန်းထွန်းတို့က လက်ခံယူစဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြား

၁၃–၉–၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄:၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅	၅။	နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၂၅	၇။	မြန်မာသံစဉ်ချိုနှားဝင်
၅:၃၀	၈။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၅:၃၅	၉။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၅	၁၃။	လျှပ်တစ်ပြက်
၆:၅၀	၁၄။	လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကိုယ့်အချစ်ဆုံး** (အပိုင်း–၅)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သစ္စာကြီးမား(သား)ပေါင်ချိန်** (အပိုင်း–၂၆)

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ စစ်တွေသင်္ဘောကျင်းတွင် ရေယာဉ်များ လွှန်းတင်ပြင်ဆင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

အရည်အသွေးပြည့်ဝသော နိုင်ငံ့ဝန်ထမ်းဖြစ်စေရေးကြိုးပမ်း ပေးအပ်သည့်ရည်မှန်းချက်တာဝန်များ အောင်မြင်အောင်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၂

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရခိုင်ပြည်နယ်တာဝန်ခံ) ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် စက်တင်ဘာ ၉ရက် မွန်းလွဲပိုင်းက ရခိုင်ပြည်နယ် စစ်တွေမြို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး၌ စစ်တွေမြို့ ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာနတာဝန်ရှိသူများ၊ ရုံးဝန်ထမ်းများအား တွေ့ဆုံသည်။

မှာကြား

ရှေးဦးစွာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းငွေးက စစ်တွေဆိပ်ကမ်း အမှတ် (၁) ဖောင်တော်ကြီးဆိပ်ခံတံတား ပြီးစီးမှု၊ ကမ်းရိုးတန်းသွား သင်္ဘောများ ဆိုက်ကပ်မှု၊ ဝင်ငွေရရှိမှု အခြေအနေကိုလည်းကောင်း၊ ပြည်နယ်ဆိပ်ကမ်းအရာရှိနှင့် ဌာနတာဝန်ခံများက မိမိတို့၏ ဌာနလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက အရည်အသွေးပြည့်ဝသော နိုင်ငံ့ဝန်ထမ်းဖြစ်စေရေး၊ ဝန်ဆောင်မှုကောင်းအောင်လုပ်ကိုင်ကြရေး၊ပေးအပ်ထားသည့် ရည်မှန်းချက် တာဝန်များအောင်မြင်အောင် ဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် အမှတ် (၁)ဖောင်တော်ကြီး ဆိပ်ခံ တံတား၌ ဆိုက်ကပ်ထားသော ရေယာဉ်များ ကုန်တင်နေမှု အခြေအနေ၊ ဆိပ်ခံတံတားအခြေအနေတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူးနှင့်ဝန်ကြီးတို့သည် စစ်တွေမြို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ဌာနခွဲရုံးသို့ ရောက်ရှိကြပြီး ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ရခိုင်ဌာနခွဲ၏ ရေယာဉ်များ ပြေးဆွဲနိုင်မှုကိုလည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ရေယာဉ်များ ပြေးဆွဲနေမှုနှင့် ဝင်ငွေရရှိမှု အခြေအနေ၊ စစ်တွေသင်္ဘောကျင်း၌ ရေယာဉ်များ လွှန်းတင်ပြင်ဆင်နိုင်မှုအခြေအနေတို့ကိုလည်းကောင်း ရှင်းလင်း တင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး တိုင်းမှူးနှင့်အတူ စစ်တွေသင်္ဘောကျင်း၌ ရေယာဉ်များလွှန်းတင် ပြင်ဆင်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် သင်္ဘောကျင်းရုံး၌ ကျင်းပသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ဌာနခွဲရှိ ရေကြောင်းသယ်ပို့ သင်္ဘောကျင်းရှိ ဝန်ထမ်းများအား တွေ့ဆုံပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားကြပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● ရှေ့ဖုံးမှ

ရှေးဦးစွာ သဘာပတိ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌနှင့် နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အဖွင့်အမှာစကားပြောကြားရာတွင် မကြာတော့သည့် ရက်များအတွင်း ပြည်သူတစ်ရပ်လုံး၏ သမိုင်းနှင့် ယဉ်ကျေးမှု အစဉ်အလာများအတွက် အကျိုးရှိပြီး အဓိပ္ပာယ် ပြည့်စုံသည့် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ရောက်ရှိလာတော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တဖြည်းဖြည်း နီးကပ်လာသည့် ရက်များအတွင်း (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် မိမိတို့ကော်မတီ၊ ဆပ်ကော်မတီများအလိုက် ရည်မှန်းချက်ထားပြီး လုပ်ရမည့် နေ့ရက် အချိန်ကာလနှင့် လုပ်ငန်းစဉ်များကို အံဝင်ခွင်ကျပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်း ရှိမရှိ၊ ထို့အပြင် အချိန်မီ ဆောင်ရွက်ရန် ကျန်ရှိနေသေးသည့် လုပ်ငန်းများအတွက် ဆက်လက်လုပ်ဆောင်သွားမည့် အစီအစဉ်၊ အကယ်၍ ကော်မတီ၊ ဆပ်ကော်မတီများမှာ လုပ်ငန်းဆောင်ရွက်မှုအတွက် အခက်အခဲများ၊ အထစ်အငေါ့များ ရှိပါက လုပ်ငန်း တွင်ကျယ်ထိရောက်ရေး ပေါင်းစပ် အဖြေရှာပေးနိုင်ရန်အတွက် ရည်ရွယ်ပြီး ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း။

ခရီးရောက်

ပြိုင်ပွဲကာလရက်ပေါင်း ၂၅ ရက်ခန့်သာ ကျန်တော့သည့် အချိန်တွင် ကော်မတီ၊ ဆပ်ကော်မတီများ အနေဖြင့် လုပ်ငန်းတွင်ကျယ်မှု အတော်ခရီးရောက်လောက်ပြီဟု မျှော်လင့်ကြောင်း၊ ကော်မတီ၊ ဆပ်ကော်မတီများ အနေနှင့်လည်း ကော်မတီ၊ ဆပ်ကော်မတီအတွင်း အစည်းအဝေးများ မကြာခဏခေါ်ယူ ဆောင်ရွက်နေကြောင်း ကြားသိရသည့်အတွက် လုပ်ငန်းကိုယ်စီဆောင်ရွက်မှု အရှိန်အဟုန်ရနေပြီဟု ယူဆပါကြောင်း။

ယခုကဲ့သို့ကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုကို အာရုံစိုက်ဆောင်ရွက်နေသကဲ့သို့ ပြည်နယ်၊ တိုင်း အသီးသီးမှ ပြိုင်ပွဲဝင်ကြမည့် ဝါသနာရှင်ပြိုင်ပွဲဝင်များအနေဖြင့်လည်း အားတက်သရော ကြိုးပမ်းဆောင်ရွက်နေကြသည်ကို ပြည်နယ်၊ တိုင်း အောင်နိုင်ရေး အဖွဲ့များ၏ လှုပ်ရှားမှုပုံရိပ်များအဖြစ် မကြာခဏ တွေ့မြင်နေကြရပြီဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်နယ်၊ တိုင်းများမှ ပြိုင်ပွဲဝင်ကြမည့် ဝါသနာရှင်ပြည်သူများအတွက် ကော်မတီ၊ ဆပ်ကော်မတီများနှင့် တာဝန်ရှိသူအသီးသီးက လာမည့် ပြိုင်ပွဲကြီးတွင် အတတ်နိုင်ဆုံး အဆင်ပြေပြေဖြင့်စည်ကားသိုက်မြိုက်အောင်မြင်စွာကျင်းပနိုင်ရေးအတွက်အထူးကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

ကြိုးပမ်းအားထုတ်

နိုင်ငံတော်အနေနှင့် ငွေကုန်ကြေးကျခံ အပင်ပန်းခံပြီး မွန်မြတ်သည့် ဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ ယခုအစည်းအဝေးကို တက်ရောက်လာသူအားလုံးက တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းအားထုတ် ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

စုပေါင်းဆောင်ရွက်

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က ယခု ကျင်းပမည့် (၁၅)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကိုပြည်ထောင်စုစိတ်ဓာတ်အခြေခံ၍ မျိုးချစ်စိတ်ဓာတ်ကို အဓိကထားပြီး အနှစ်သာရရှိရှိဖြင့် အဓိကထားကျင်းပသွားရန်လိုကြောင်း၊ ရိုးရာယဉ်ကျေးမှုအပေါ် အခြေခံသည့် စည်းလုံးညီညွတ်မှုများဖြင့်ပေါင်းစည်းထားသော ပြည်ထောင်စု တိုင်းရင်းသား အားလုံးနှင့် သက်ဆိုင်သည့်ပြိုင်ပွဲဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဆပ်ကော်မတီများအလိုက် လုပ်ငန်းတာဝန်များကို သတ်မှတ်ကာလအတွင်း ပြင်ဆင်မှုများ ပြီးစီးရန် ကြိုးစားပြီး စုပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ကြိုဆိုနှုတ်ဆက်ပွဲ၊ ဖွင့်ပွဲ၊ ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပရေး ဆပ်ကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် လှုံ့ဆော်ရေး ဆပ်ကော်မတီ၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီ၊ ပြိုင်ပွဲဝင် စိစစ်ရေးဆပ်ကော်မတီ၊ လုပ်ငန်းစစ်ဆေးရေး ဆပ်ကော်မတီ၊ တည်းခိုစခန်းအုပ်ချုပ်ရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပမည့်နေရာ၊ အုပ်ချုပ်ရေးနှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီများမှ သက်ဆိုင်ရာကော်မတီဝင်များက မိမိတို့၏ ကော်မတီနှင့်ဆပ်ကော်မတီများအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ပြင်ဆင်ဆောင်ရွက်

ထို့နောက် အဆိုအကဲဖြတ် လုပ်ငန်းအဖွဲ့၊ အကအကဲဖြတ်လုပ်ငန်းအဖွဲ့၊ အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့၊ ဇာတ်သဘင် အကဲဖြတ်လုပ်ငန်းအဖွဲ့၊ ရုပ်သေးအကဲဖြတ်လုပ်ငန်းအဖွဲ့၊ပြဇာတ်အကဲဖြတ်လုပ်ငန်းအဖွဲ့နှင့် ကွက်စိပ်အကဲဖြတ်လုပ်ငန်းအဖွဲ့များမှ ဘာသာရပ်ဆိုင်ရာဥက္ကဋ္ဌများက မိမိတို့လုပ်ငန်းအဖွဲ့များအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်အတွင်းရှိ အားကစားနှင့် စုဝေးခန်းမတွင် ကဇာတ်ရုံတိုးချဲ့တည်ဆောက်ထားရှိမှု အခြေအနေကို အေစီအီး ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးဝင်းက ရှင်းလင်းတင်ပြပြီး အစည်းအဝေး တက်ရောက်လာသူများက လိုအပ်သည်များကို ဆွေးနွေး ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ယင်းနောက် သဘာပတိ(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အရှင်သိရိန္ဒာဘိဝံသ(ယောဆရာတော်) တရားပွဲ

ရန်ကုန် စက်တင်ဘာ ၁၂

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စ နိဗ္ဗာန်ဆော်ဝတ်အသင်း အရိယာမဓ္ဓာရုံကြီးတွင် တော်သလင်းလဆန်း ၈ ရက် (စက်တင်ဘာ ၁၉ရက်) ဗုဒ္ဓဟူးနေ့ မွန်းလွဲ၂နာရီတွင် ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အရှင်သိရိန္ဒာဘိဝံသ (ယောဆရာတော်)သည် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ပြီး တပည့် ဒါယကာ ဒါယိကာမများက ဝါဆိုသင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ် စသည့် လှူဖွယ်ဝတ္ထုများ လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် မေမေဒေါ်မိမိစိန်နှင့် သားလေး သုတအောင်တို့၏ မွေးနေ့အလှူအဖြစ် ဦးအောင်မြ–ဒေါ်မိမိစိန်၊ သား သုတအောင် မိသားစုတို့က အလှူငွေကျပ်နှစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ နာယက ဆရာတော် မိုးညှင်း အရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ရန်ကင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကလေးများစွမ်းရည်ပြသပွဲနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၂

ရန်ကုန်တိုင်း ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူလတန်းကြိုကျောင်းကလေးငယ်များ စွမ်းရည်ပြသပွဲနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ စာဖတ်ဝိုင်းများနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း စာကြည့်တိုက်သို့ စာအုပ်လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၂ရက် နံနက် ၈ နာရီက ရန်ကင်းမြို့နယ်အသင်းရုံး၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌဒေါ်မာမာဝေ တက်ရောက်ချီးမြှင့်ခဲ့သည်။

လက်ဆောင်ပေး

ရှေးဦးစွာ မြို့နယ်အဆင့် မူလတန်းကြိုကျောင်းကလေးငယ်များက စွမ်းရည်ပြသကြပြီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်မာမာဝေက ကစားစရာအရုပ်များနှင့် မုန့်များကို လက်ဆောင်ပေးအပ်သည်။

ဖြည့်ဆည်းပေး

ဆက်လက်ပြီး အသင်းရုံးအပေါ်ထပ်တွင်စာဖတ်ရှိန်မြှင့်တင်ရေး၊ စာဖတ်ဝိုင်းများနှင့် အသင်းစာကြည့်တိုက်သို့ စာအုပ်များ လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ **(ဝဲပုံ)**က အမှာ စကားပြောကြားပြီး စာဖတ်ရှိန်မြှင့်တင်ရေး၊ စာဖတ်ဝိုင်းများနှင့် စာကြည့်တိုက်သို့ ဂျာနယ်စုံ ၁၀၀၊ မဂ္ဂဇင်းမျိုးစုံ ၂၃၅အုပ်နှင့် သုတ/ရသ စာအုပ် ၉၂အုပ် တို့ကို ထပ်မံဖြည့်ဆည်းပေးအပ်ရာ စာဖတ်ဝိုင်း တက်ရောက်နေသူနှင့် စာကြည့်တိုက် တာဝန်ရှိသူများက လက်ခံရယူသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌက စာဖတ်ရှိန်မြှင့်တင်ရေး၊ စာဖတ်ဝိုင်းများနှင့် စာကြည့်တိုက်များဖွင့်လှစ်ထားမှု အခြေအနေကို ရှင်းလင်း တင်ပြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(မြို့နယ် ပြန်/ဆက်)

* ကျောဖုံးမှ

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မုဒုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသည့် မြို့နယ်ပြည်နယ်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားပြီး ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဗဟိုအလုပ်အမှုဆောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ကြည့်ရှု

ဆက်လက်၍ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများက အလှူငွေများလှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင်က လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် မုဒုံမြို့ပေါ်ရှိ ပညာဝန်ဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တ ဉာဏိသရာဘိဝံသအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကာ ဆောက်လုပ်ပြီးစီးသော သိမ်ကျောင်းသစ်ကို ကြည့်ရှုသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ရေတောင်ပရဟိတဘုန်းတော်ကြီးသင် မူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်မည့်နေရာကို ကြည့်ရှု၍ လိုအပ်သည်များ စီစဉ်ပေးပြီး ဆရာတော် ဘဒ္ဒန္တ ပညာဝရအား ဖူးမြော်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆွေးနွေး

ဗဟို အလုပ်အမှုဆောင်သည် စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ပေါင်မြို့နယ်နှင့် သထုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးများ၌ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ကျေးရွာစည်းရုံးရေးမှူးများနှင့် တွေ့ဆုံ၍ မြို့နယ်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များက မိမိတို့မြို့နယ်အတွင်း ဆောင်ရွက်ချက်များကို တင်ပြကြရာ ဗဟိုအလုပ်အမှုဆောင်က ပြည်သူလူထုက မိမိတို့ဒေသတိုးတက်အောင် တက်ညီလက်ညီဖြင့် စည်းလုံးညီညွတ်စွာ လုပ်ဆောင်ကြရန်၊ လူငယ်များ ပညာရည်မြင့်မားပြီး ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❐ ကျောဖုံးမှ

ဆူနာမီသတိပေးချက်များ ထုတ်ပြန်

အဆိုပါမြေငလျင်သည် ဆူမားတြားကျွန်းရှိ ဘန်ကူလူမြို့ အနောက်တောင်ဘက် ကမ်းလွန်မိုင် ၈၀ ခန့်အကွာ ပင်လယ်ပြင်အောက်၁၈ မိုင်ခန့်ကို ဗဟိုပြု၍လှုပ်သွားခြင်းဖြစ်ရာ အိန္ဒိယသမုဒ္ဒရာဝန်းကျင် ဒေသများတွင် အရေးပေါ် ဆူနာမီသတိပေးချက်များ ထုတ်ပြန်ခဲ့ရကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ထိုသို့ အင်အားပြင်းမြေငလျင်လှုပ်မှုကြောင့် အိန္ဒိယ၊ သီရိလင်္ကာ၊ မလေးရှားနှင့် အခြားကျွန်းငယ် အများအပြားကိုပါ ရိုက်ခတ် တုန်လှုပ်မှုဖြစ်ပွားခဲ့ကြောင်း၊ အိန္ဒိယသမုဒ္ဒရာ၌ ဆူနာမီရေလှိုင်းများ သုံးပေမှ ၁၀ ပေအထိဖြစ်ပေါ်လာနိုင်ကြောင်း၊ အိန္ဒိယသမုဒ္ဒရာအနားသတ်နိုင်ငံများသို့ ဆူနာမီသတိပေးချက်များ အရေးပေါ်ထုတ်ပြန်ပေးထားကြောင်း သိရသည်။

အဆိုပါအင်အားပြင်းထန်သော မြေငလျင်လှုပ်မှုကြောင့် ဆူမားတြားကျွန်းရှိ ပါဒန်မြို့တွင် အဆောက်အအုံအများအပြား ပြိုလဲပျက်စီးသွားပြီး ခုနစ်ဦးသေဆုံးကာ ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးဒဏ်ရာရမှုအရေအတွက် တိုးမြှင့်လာဖွယ်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

(အင်တာနက်)

ဆူနာမီသတိပေးချက်

နေပြည်တော် စက်တင်ဘာ ၁၂

၂၀၀၇ ခုနှစ် စက်တင်ဘာ ၁၂ ရက် မြန်မာစံတော်ချိန် ၁၇ နာရီ ၄၅မိနစ် ၁၆ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ တောင်ဘက်မိုင် ၁၅၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာ(ဆူးမားတြားတောင်ပိုင်း အင်ဒိုနီးရှားနိုင်ငံ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာ စကေး ၇ ဒသမ ၉ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ အဆိုပါ မြေငလျင်ကြောင့် ဆူနာမီရေလှိုင်းများဖြစ်ပေါ် ရိုက်ခတ်လာနိုင်သည်ဖြစ်ရာ မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသများသို့ မြန်မာစံတော်ချိန် ၂၀း၄၅ နာရီမှ ၂၃း၄၅ နာရီအချိန်အတွင်း ဆူနာမီရေလှိုင်းများ ဝင်ရောက်နိုင်ကြောင်း ဂျပန်နိုင်ငံ မိုးလေဝသ အေဂျင်စီမှ သတင်းထုတ်ပြန်ထားသည်။

ပုပ္ပားကျောင်းအစိဋ္ဌာန်အောင်ပွဲ

ရန်ကုန် စက်တင်ဘာ ၁၂

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ပုပ္ပားကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တပဏ္ဍိစ္စ ကြီးမှူး၍ (၅၅)ကြိမ်မြောက် စက်တင်ဘာ၂၈ ရက်မှ အောက်တိုဘာ ၈ရက်အထိ အနန္တောအနန္တငါးပါး ပူဇော်ပွဲ၊ ခင်ပွန်းကြီးဆယ်ပါးပူဇော်ပွဲ၊ ဒုလ္လဘရဟန်း ၁၀၀ ပြုပွဲ၊ အဘိုးအဘွား ၇၁ ဦး ပူဇော်ပွဲ၊ သတ္တဝါများ ဘေးမဲ့လွှတ်ပွဲ၊ ပါရမီဆယ်ပါးပြုကျင့်ပွဲ၊ မဟာသတိပဋ္ဌာန်ဝိပဿနာ တရားစခန်းပွဲ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိစ္စအား (၁၄၇)ကြိမ်မြောက် သိက္ခာထပ်ပွဲများကို ကျင်းပမည်ဖြစ်သည်။

အဓိဋ္ဌာန်တရားစခန်း ဝင်လိုသူများသည် စက်တင်ဘာ ၂၈ရက် မွန်းတည့် ၁၂နာရီအရောက်လာကြရန်နှင့်ကန်တော့ပွဲတစ်ပွဲ ကျပ်၁၅၀၀၊ အသက်လွှတ်အရဏ်ဆွမ်း တစ်ရက် ကျပ် ၂၀၀၀၀၊ နေ့ဆွမ်း ကျပ် ၃၀၀၀၀၊ အချိုပွဲ ကျပ် ၁၀၀၀၀ ဖြင့် ဝေယျာဝစ္စအဖွဲ့ ဖုန်း–၆၀၀၀၂၈၊ဦးညွှန့်မောင် ဖုန်း–၆၀၀၂၁၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ယနေ့မြန်မာ ယနေ့သံဃာ ယနေ့ချိန်ခါ

(က)

ယနေ့မြန်မာ၌ ယနေ့သံဃာသည် အရေအတွက်လေးသိန်းဝန်းကျင်ရှိနေ၏။ ထိုသံဃာတော်တို့သည် ဂန္ထဓုရခေါ် ပရိယတ္တိသာသနာနှင့် ဝိပဿနာဓုရခေါ် ပဋိပတ္တိသာသနာ့အကျိုးကို နိုင်ရာနိုင်ရာ၊ သန်ရာသန်ရာ ထမ်းဆောင်နေကြ၏။ သာသနာ့အကျိုးထမ်းဆောင်ရာ၌ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါးတို့ကို ဗုဒ္ဓဘာသာ ဒကာ၊ဒကာမများက တစ်နိုင်တစ်ပိုင် ထောက်ပံ့စောင့်ရှောက်လျက်ရှိကြ၏။ တစ်နည်းပြောရလျှင် သံဃာတော်တို့၏ စား၊ ဝတ်၊ နေရေးနှင့် ကျန်းမာရေးကို ဒကာ၊ ဒကာမများက ဖြည့်ဆည်းပံ့ပိုးပေးလျက် ရှိကြပါသည်။

'ရဋ္ဌပိဏ္ဍ' ခေါ် တိုင်းသူပြည်သားတို့၏ ဆွမ်းကိုစားနေရသည့်အတွက် 'ရဋ္ဌဝါသ'ခေါ် တိုင်းသူပြည်သားတို့အပေါ်ဝယ် " မကောင်းမြစ်တာ၊ ကောင်းရာညွှန်လစ်၊ အသစ်ဟောကျူး၊ နာဖူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခုလွန်သေချာ"ဆိုသော ရဟန်းဝတ္တရားခြောက်ရပ်ဖြင့် တုံ့ပြန်နေကြရသည်မှာ သံဃာ့ဝတ္တရားဖြစ်ပါသည်။

ထို့ကြောင့် ယနေ့သံဃာသည် ယနေ့မြန်မာအား

၁။ မိမိလည်းအကျိုးယုတ်၊ သူတစ်ပါးလည်းအကျိုးယုတ်၊ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်၊ ပြည်နယ်၊ တိုင်း၊ နိုင်ငံတော်အထိပါ အကျိုးယုတ်စေသည့် ဒုက္ခလုပ်ရပ်တို့ကို မလုပ်မိကြစေရန်၊

၂။ မိမိလည်းအကျိုးရှိ၊ သူတစ်ပါးလည်းအကျိုးရှိ၊ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်၊ ပြည်နယ်၊ တိုင်း၊ နိုင်ငံတော်အထိအကျိုးရှိမည့် လုပ်ရပ်ဆောင်တာတို့ကို လုပ်ဆောင်ရန် အမြဲတမ်းဟောပြော၊ ရေးသားညွှန်ကြား၊ တိုက်တွန်းနေအပ်ကြသည်မှာ မြတ်ဗုဒ္ဓအလိုကျဖြစ်ပါသည်။

(ခ)

ယခုတလော စက်သုံးဆီဈေးတက်လာသည်ကို ခုတုံးလုပ် အကြောင်းပြုကာ အကွက်ချောင်းအဖျက်သမားတို့၏ သွေးထိုးလှုံ့ဆော်မှုများ၊ ဆန္ဒပြမှုများ ကြားသိလာရသည်။ ပြည်ပအသံလွှင့်ဌာနအချို့၏ နှုတ်ကြောင်းပေးသံများကိုလည်း ပလူပျံကြားနေရသည်။

ဤရက်ပိုင်းများအတွင်းမှာပဲ ပြည်တွင်းမီဒီယာများကလည်း အဖျက်သမားတို့၏ အဖျက်ခြေလှမ်းများကို ပြည်သူများသတိထားမိစေရန် သတင်းနှင့်ဆောင်းပါးများ သွက်လက်စွာ ဖော်ပြလာလျက်ရှိသည်။

ယင်းအနေအထား၌ အဖျက်သမားတို့၏ ကျော့ကွင်းဝယ် သာမန်အရပ်သားဆယ်ယောက်၊ ဆယ့်ငါးယောက်လောက် အငိုက်မိခံရသည်မှတစ်ပါး အခြားပြည်သူအများတို့က အဖျက်သမားတို့ကို လက်မခံတန်ပြန်လာသောအခါတွင်မူ အဖျက်သမားတို့သည် ပက်စက်ယုတ်မာစွာ သံဃာထုအတွင်း ကျော့ကွင်းများ ပစ်ချကြကုန်တော့၏။

ဤတွင် အဖျက်သမားတို့သည် လူတောထဲ မတိုးရဲတော့သဖြင့် သံဃာထုထဲ ပလူးပလဲဝင်ရောက် နှောင့်ယှက်လာကြသောအခါ ကိုယ့်ဆွမ်းကိုယ်စား၊ ကိုယ့်စာ ကိုယ်အံပြီး မှန်မှန်ကန်ကန် သန့်သန့်စင်စင် စာထဲမှာ စိတ်ဝင်စားနေသည့် ရဟန်းငယ်များ၏ သမာဓိနုနုများကို ပျက်စီးအောင်ဖျက်ဆီးပြီး သံဃာ့အလုပ်မဟုတ်သော လမ်းပေါ်ထွက်ဆန္ဒပြ ဥက္ကောဌေယျ အကုသလကမ္မပထများ ဖြစ်ပွားလာပေတော့ရာ ယင်းအဖျက်သမားတို့ကို မြတ်ဗုဒ္ဓက မာရ်နတ်အား ခေါ်ဝေါ်သကဲ့သို့ "ပါပိမ . . . ဟဲ့ အယုတ်တမာကောင်"ဟု ခေါ်ဝေါ်ရန်သာရှိတော့၏။

ရဟန်းငယ်တို့၏ ပကတိသဘာဝအရ နံနက်အိပ်ရာထလျှင် ဝတ်ကြီး၊ ဝတ်ငယ်ပြုပြီး အရုဏ်ဆွမ်းအတွက် အချို့ ဆွမ်းခံထွက်၊ အချို့ကျောင်းမှာချက်၍ အရုဏ်ဆွမ်းကိစ္စပြီးစီးသောအခါ စာတက်စာအံပြီး တစ်ဖန်နေ့ဆွမ်းအတွက် ဆွမ်းခံထွက်ကြရာ နေ့ဆွမ်းကိစ္စပြီးသော် စာတက်၊ စာအံ၊ စာပြန်၊ စာကြည့်ကြရင်း ညဦးပိုင်းဘုရားဝတ်ပြု၊ မေတ္တာပို့ကိစ္စဆောင်ရွက်ကြလျက် တစ်ဖန် "ညဝါ"ခေါ် ညဦးပိုင်းသင်ခန်းစာများ လေ့ကျင့်ရင်း မေတ္တာပို့ကျိန်းစက်ကြရသည့် အလွန်မွန်မြတ်သန့်စင်သော ဖြူစင်နုနယ် ရဟန်းငယ်ဘဝကို အဖျက်သမားအာဏာရူးတွေက ဝင်ပူးနှောင့်ယှက် ဖျက်ဆီးလျက်ရှိကြသည်မှာကား အမှန်ပင် ရွံ့ရှာစက်ဆုပ်ဖွယ်ဖြစ်ဘိ၏။ အဖျက်အမှောင့်အားလုံးအပေါ် စက်ဆုပ်ရွံ့ရှာမိပေ၏။ ယနေ့သံဃာအားလုံးက လုံးဝ ရွံ့ရှာလျက်ရှိကြ၏။

လူတွေ လမ်းပေါ်ထွက်ဆန္ဒပြအောင် လုပ်မရတော့သဖြင့် သံဃာတွေလမ်းပေါ်ထွက်ဆန္ဒပြအောင် လုပ်ရက်ကြခြင်းအပေါ် တစ်နိုင်ငံလုံးရှိ ရဟန်းရှင်လူပြည်သူအားလုံးက ရွံမုန်းစက်ဆုပ်စွာ အော့နှလုံးနာလျက်ရှိကြတော့၏။

(ဂ)

ယနေ့မြန်မာ၏ ယနေ့သံဃာသည် ယနေ့ကာလဝယ် ဓုရနှစ်ဖြာအားထုတ်ရာ၌ လွန်စွာအားရှိသော အနေအထားသို့ ရောက်လျက်ရှိ၏။ အကြောင်းမှာ ယနေ့တပ်မတော်အစိုးရကိုယ်တိုင်က သာသနာတော်အား မြင့်မားစွာ ချီးမြှောက်လျက်ရှိသောကြောင့်ဖြစ်၏။

ရတနာစည်ဆရာတော် (လှိုင်လင်)

စာချ၊ စာသင် ထေရ်အရှင်တို့အတွက် စာမေးပွဲမျိုးစုံ ကျင်းပလျက်ရှိ၏။ ပထမပြန်စာမေးပွဲ၊ ဓမ္မာစရိယစာမေးပွဲ၊ နိကာယ်စာမေးပွဲ၊ တိပိဋကစာမေးပွဲစသည်များ၊ တက္ကသိုလ်ဓမ္မာစရိယ (B.A Buddhism) စာမေးပွဲ၊ တက္ကသိုလ် မဟာဓမ္မာစရိယ (M.A Buddhism) စာမေးပွဲများ၊ ဗုဒ္ဓဓမ္မဒီပလိုမာနှင့် ဗုဒ္ဓဓမ္မဒေါက်တာဘွဲ့များအထိ ရှေ့အသွင်သဏ္ဌာန်ရောခေတ်အမြင်ပုံဟန်ပါ ဘက်စုံထောင့်စုံ ပရိယတ္တိပညာရေး ရွေးချယ်ခွင့်လမ်းဖွင့်ပေးလျက်ရှိ၏။ ယင်းအပြင် စာချဆရာတော်များအားလည်း သင့်လျော်လျောက်ပတ်စွာ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်၊ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် အဆင့်ဆင့် ချီးမြှောက်လျက်ရှိ၏။ ယင်းအပြင် စာသင်တိုက်ကြီးများအား ဆွမ်းဆန်တော်၊ ဆန်၊ ဆီ၊ ဆေး၊ နဝကမ္မ စသည် နှစ်စဉ်ဝါတွင်းကာလမှာ ထောက်ပံ့ လှူဒါန်းလျက်ရှိသည့်အပြင် ယနေ့တပ်မတော်အစိုးရလက်ထက်ရောက်မှ လေးထပ်ကျောင်းဆောင်၊ ငါးထပ်ကျောင်းဆောင် ကျောင်းဆောင်ကြီးများမှာ စာသင်တိုက်များ၏ ပရိဝုဏ်အတွင်း၌ ထင်းထင်းထင် ပေါ်ထွက်လာနေကုန်၏။

ဤအရှင်တို့ငယ်စဉ် စာသင်သားဘဝတုန်းက တစ်နှစ်လုံးနေပါမှ သင်္ကန်းတစ်စုံရရှိဖို့ ခဲယဉ်းသလောက် ယနေ့စာသင်သားတို့ဘဝမှာမူ အနည်းဆုံး တစ်နှစ်နှစ်စုံ (ဝါဆိုသင်္ကန်းနှင့် ကထိန်သင်္ကန်း) ရရှိနေကြသည်မှာ မည်သည့်မြို့၊ မည်သည့်စာသင်တိုက်ရှိ မည်သည့်စာသင်သားကမှ ငြင်းမရပါ။ ထိုမျှအထိ ပစ္စည်းလေးပါး ပြည့်စုံနေပါပြီ။

ဂန္ထဓုရ၌ ထိုသို့ထွန်းကားနေသလို ဝိပဿနာဓုရ၌လည်း ဝန်ဆောင်ဆရာတော်များအား သင့်လျော်လျောက်ပတ်စွာ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်၊ မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်၊ ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်များကို တပ်မတော်အစိုးရက နှစ်စဉ်မပြတ် ဆက်ကပ်လျက်ရှိသကဲ့သို့ ဗုဒ္ဓဩဝါဒနှင့်အညီ အကုသိုလ်အယုတ်တရားများ လျော့ပါးရေး၊ ကုသိုလ်အမြတ်တရားများ ထွန်းကားရေးနှင့် စိတ်ထားဖြူစင်ဖြောင့်မတ်ရေးတို့အတွက် အနယ်နယ်အရပ်ရပ်သို့ လှည့်လည်ကာ ဓမ္မအမှန်များကို ဟောပြောညွှန်ကြားလျက်ရှိကြသည့် ဆရာတော်များအားလည်း မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်နှင့် ဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်များကို နှစ်စဉ်ဆက်ကပ်လျက်ရှိနေပါသည်။

ထိုမျှမက နယ်စပ်ဒေသသာသနာပြု ရဟန်းတော်များ၊ ဘုန်းတော်ကြီးသင် ပညာရေးဆိုင်ရာ ဆရာတော်များနှင့် သာသနာပြန့်ပွားရာပြန့်ပွားကြောင်း ဆောင်ရွက်တော်မူသည့် ဆရာတော်များအားလည်း အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လျက်ရှိပေရာ သာသနာရေးရာ၌ ဘက်စုံထောင့်စုံ ကဏ္ဍစုံ ဥဿုံမကြွင်း မခြွင်းမချန် ချီးမြှောက်လျက်ရှိနေ၏။

ထို့အပြင် သာသနာတော်ကို ကြည်ညိုလေးမြတ်ကြသူ ဒကာ၊ ဒကာမများထဲမှ သာသနာတော်အား ထိုက်ထိုက်တန်တန် သိန်းပေါင်းရာနှင့်၊ ထောင်နှင့်ချီ၍ လှူဒါန်းနိုင်ကြသည့် စေတနာရှင်၊ သဒ္ဓါရှင်များအနက် အမျိုးသား ဥပါသကာများအား 'မဏိဇောတဓရ=ပတ္တမြား ရတနာရှင်'ကို အညွှန့်ထားပြီး "အဂ္ဂမဟာ သီရိသုဓမ္မ၊ သီရိသုဓမ္မ၊သီဟသုဓမ္မ၊ သုဓမ္မ" တို့ကို အမြစ်ထားကာ အဆင့်လေးဆင့် သတ်မှတ်၍လည်းကောင်း၊ အမျိုးသမီး ဥပါသိကာများအား ' သိင်္ဂီ=ရွှေရတနာရှင်' ကို အညွှန့်ထားပြီး "အဂ္ဂမဟာ သီရိသုဓမ္မ၊ သီရိသုဓမ္မ၊ သီဟသုဓမ္မ၊ သုဓမ္မ"တို့ကို အမြစ်ထားကာ အဆင့်လေးဆင့် သတ်မှတ်၍လည်းကောင်း နှစ်စဉ်နှစ်တိုင်း ချီးမြှင့်လျက်ရှိ၏။

ထိုမျှအထိ ဘယ်ခေတ်၊ ဘယ်အခါ၊ဘယ်ရာဇာ၊ဘယ်အစိုးရကမျှ မချီးမြှောက်နိုင်သည့် ပစ္စယာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟ အနုဂ္ဂဟ နှစ်ဖြာဖြင့် သာသနာတော်ကို ချီးမြှောက်နိုင်စွမ်းရှိသော တပ်မတော်အစိုးရကိုမှ ရဟန်းတစ်ပါးပါးက၊ရဟန်းအချို့က ဆန္ဒပြနေသည်ဆိုလျှင်"မည်သူမှား ယွင်းနေပြီနည်း" မေးခွန်းသည် အဖြေမလိုတော့သော မေးခွန်းဖြစ်လာလေတော့၏။

(ဃ)

ယနေ့ချိန်ခါကာလသည် သာသနာရေးရာ အဖြာဖြာ၌လည်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး၏ ဦးစီးဦးဆောင်မှုဖြင့် သံဃာလေးသိန်းကျော်တို့ တစည်းတလုံးတည်း သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်နိုင်လျက်ရှိ၏။ နိုင်ငံ၏ရေးရာအဖြာဖြာ၌လည်း နိုင်ငံတော်အစိုးရ၏ ဦးစီးဦးဆောင်မှုဖြင့် အေးချမ်းသာယာ၍ ခေတ်မီ ဖွံ့ဖြိုးတိုးတက်လျက် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ခရီးကို အရှိန်အဟုန်ဖြင့် ချီတက်နိုင်လျက်ရှိ၏။

သည်ကာလမျိုးဝယ် သာသနာရေးရာ အဖြာဖြာ၌သော်လည်းကောင်း၊ နိုင်ငံ၏အရေးအရာအဖြာဖြာ၌သော်လည်းကောင်း ပို၍ညီညွတ်သော၊ သာ၍ စည်းလုံးသော အတွေးအခေါ်၊ အပြောအဆို၊ အပြုအမူတို့ဖြင့် တစ်ခဲနက် ချီတက်ရမည်မှာ နိုင်ငံကို ချစ်မြတ်နိုးသူအားလုံးတို့၏ တာဝန်ဖြစ်လျက်ရှိ၏။

တစ်ဖန် ယနေ့ချိန်ခါသည် ယနေ့မြန်မာ၏ တိုးတက်မှုကို မနာလိုမရှုဆိတ်သူ ပြည်တွင်းပြည်ပအဖျက်အမှောင့်တို့၏ အနှောင့်အယှက်၊ အဖျက်အမှောင့်၊ အဟန့်အတား၊ အဆို့အပိတ်တွေလည်း မကုန်နိုင်သေးသဖြင့် ပို၍သတိကြီးစွာထားရမည့်ကာလလည်း ဖြစ်လျက်ရှိ၏။

ယနေ့ချိန်ခါသည် တပ်မတော်အစိုးရအနေဖြင့် နိုင်ငံတော်အာဏာကို တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းဖြင့် နိုင်ငံသားများထံ စနစ်တကျလွှဲပြောင်းပေးအပ်နိုင်ရန် မူဝါဒလမ်းစဉ်(၇)ရပ် အပြီးအစီး အောင်မြင်သည်အထိ မဆုတ်တမ်း လျှောက်လှမ်းနေသော ကာလလည်းဖြစ်၏။

ယနေ့ချိန်ခါသည် နိုင်ငံတော်အနာဂတ်ခရီးအတွက် အရေးကြီးဆုံးကာလကို ဖြတ်သန်းဆဲဖြစ်သောကြောင့် တစ်စုံတစ်ယောက်ကပင် ဖြစ်စေ တစ်စုံတစ်ရာမဖောက်ပြန်ဖို့ အထူးလိုအပ်သောကာလလည်းဖြစ်၏။

ယနေ့ချိန်ခါသည် တစ်စုံတစ်ယောက်က တစ်စုံတစ်ရာ ဖောက်လိုက်သည်နှင့် ဝင်ရောက်လာ၊ စီးဝင်လာမည့်အရာများမှာ ဒုက္ခများ၊ အရှုပ်အထွေးများ၊ အခက်အခဲများ၊ အပူအလောင်များသာဖြစ်သဖြင့် ဖောက်ပြန်ခွင့်မပြုသင့်သောကာလ၊ ဖောက်ပြန်ခွင့်မပြုနိုင်သောကာလလည်းဖြစ်၏။

ထို့ကြောင့် ယနေ့မြန်မာ ယနေ့သံဃာသည် ယနေ့ချိန်ခါကို ကောင်းစွာ သိရှိသုံးသပ်နိုင်၍ အချိန်အခါအား လျောက်ပတ်စွာ ပျော်ရာ၊ တော်ရာ၊သင့်လျော်ရာကို ဖွေရှာစေ့ငု ဉာဏ်ဖြင့်ရှု၍ အပြုအမြင် စိတ်မှာယှဉ် သမ္ပဇဉ်သမားအဖြစ် အားသစ်နေကြရမည် ဖြစ်ပါသတည်း။ ။

မင်္ဂလာတောင်ညွန့်မြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၂

မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ၂၀၀၇ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး အခမ်းအနားကို စက်တင်ဘာ ၉ ရက် မွန်းလွဲ၁နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ယုဇနခန်းမ၌ ကျင်းပသည်။

ပေးအပ်

အစီအစဉ်အရ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းက အမှာစကား ပြောကြားသည်။ ယင်းနောက် အလှူရှင်များ၏ အလှူငွေများကို ပေးအပ်လှူဒါန်းရာ တွဲဖက် အတွင်းရေးမှူး ဦးသာဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(အပေါ်ယာပုံ)**

ထို့နောက် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးတင်အောင်၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးချစ်ကို၊မြို့နယ် အတွင်းရေးမှူး ဦးစိုးနိုင်ဦး၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကံဝင်း၊ မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန့်ဇင်သိမ်းတို့က မြို့နယ်အတွင်း ထူးချွန်ဆုရရှိသူများကို ဆုများပေးအပ် ချီးမြှင့်ကြသည်။

တင်ပြဆွေးနွေး

ဆက်လက်၍ အခမ်းအနားကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးဇော်လင်းက ဆောင်ရွက်ပြီး မြို့နယ်အသင်း၏ ၂၀၀၇ခုနှစ်စီမံရေးရာ၊ စည်းရုံးရေးရာ၊ စီးပွားရေးရာ၊ ပညာရေးရာ စသည်တို့၏ အစီရင်ခံစာများကို မြို့နယ်အလုပ်အမှုဆောင်များက အသီးသီး ဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာကြသော ရပ်ကွက်အသီးသီးရှိ ကိုယ်စားလှယ်များထဲမှ အကြံပြု တင်ပြဆွေးနွေးကြသည်။ အကြံပြုဆွေးနွေးချက်များအပေါ်မြို့နယ်အသင်းတွဲဖက်အတွင်းရေးမှူး ဦးဝင်းလှိုင်က ပြန်လည်ရှင်းလင်းတင်ပြပြီး

အစည်းအဝေးဆုံးဖြတ်ချက် (၂)ရပ်၊ အတည်ပြုခြင်း (၁)ရပ်၊ မှတ်တမ်းတင်ခြင်း (၂)ရပ်တို့ကို ချမှတ်ကာ တက်ရောက်လာကြသော ကိုယ်စားလှယ်များက အတည်ပြုကြောင်း ဆုံးဖြတ်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃-၉-၂၀၀၇ ရက်

(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၅ ၆။ အဆိုပြိုင်ပွဲ
၈:၁၅ ၇။ အကပဒေသာ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Let's Go
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၅:၂၀ ၁။ ၂၀၀၇ခုနှစ် အာဆီယံ ချန်ပီယံရှစ် အမျိုးသမီး ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် [ပထမအကြိုဗိုလ်လုပွဲ] (ဗီယက်နမ်နှင့် ထိုင်း)
၁၇:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၇:၃၀ ၃။ ၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (ဝါသနာရှင် ဒုတိယတန်းအဆင့်) [အမျိုးသား/အမျိုးသမီး]
၁၇:၄၅ ၄။ ဆောင်းပါးရှင်မောင်ဒွဲဒိုး၏ **ဆန္ဒပြစရာမလိုပါ၊ ဆန္ဒပြုရန်မှတစ်ပါး အခြားမရှိပြီ**
၁၈:၀၀ ၅။ ညနေခင်းသတင်း
၁၈:၂၀ ၆။ **၂၀၀၇ခုနှစ် အာဆီယံ ချန်ပီယံရှစ် အမျိုးသမီး ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် [ဒုတိယအကြိုဗိုလ်လုပွဲ] (မြန်မာနှင့် မလေးရှား)**
၂၀:၀၀ ၇။ ပြည်တွင်းသတင်း
၈။ နိုင်ငံတကာသတင်းများ
၉။ မိုးလေဝသအခြေအနေ
၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်စိတ်ကူးလေး တဝဲလည်လည်** (အပိုင်း-၁၅)
၁၁။ နောက်တစ်နေ့အစီအစဉ်
၁၂။ အစီအစဉ်ပြီး၏။

ပန်းချီဆရာကြီး ဦးသုခအမှတ်တရ ဂုဏ်ပြုဟောပြောမည်

ရန်ကုန် စက်တင်ဘာ ၁၂

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) ပညာရေးကော်မတီ၏ စီစဉ်မှုဖြင့် ပြုလုပ်မည့် ရန်ကုန် ပန်းချီပန်းပုကျောင်းအုပ်ကြီးဟောင်းနှင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး နာယက ပန်းချီဆရာကြီး ဦးသုခ အမှတ်တရဂုဏ်ပြုဟောပြောပွဲကို ရန်ကုန်ပန်းချီပန်းပုကျောင်း(ကမ္ဘောဇရိပ်သာ)ဝင်းအတွင်းရှိ လေ့ကျင့်ရေးဇာတ်ရုံငယ်၌ စက်တင်ဘာ ၁၆ရက် မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်သည်။

ပါဝင်မည်

အဆိုပါ ဟောပြောပွဲတွင် ပန်းချီဆရာကြီး ဦးလွန်းကြွယ်၊ ဦးလှတင်ထွန်း (စာရေးဆရာဝင်းပ)၊ ဦးမောင်မောင်လှမြင့်၊ ဦးစိုးမိုး၊ ဦးဝသုန်၊ ဦးမြဇာ၊ ဦးငွေကြည်၊ ဦးရွှေမင်းသား၊ ဦးမင်းဝေအောင်၊ ဦးဒီ၊ ဦးဇော်မင်း၊ ဦးမွန်သက်တို့ ပါဝင် ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ် မဟာတွင်ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယ နိုင်ငံဆိုင်ရာပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်း တော် ကြီး (ဗုဒ္ဓဘာသာ ပညာရေး ဗိမာန်တော်ကြီး) အတွက် ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ညောင်ပင်လေး ပလာဇာနေ ဒေါ်ဟုန်မိသားစု၊ ဦးအောင်စိန်-ဒေါ်မေရီမိသားစုတို့က ကျောင်းအလှူငွေ အမေရိကန်ဒေါ်လာ၁၀၀ကို လှူဒါန်းရာ ကျောင်းအကျိုးဆောင် ဒေါ်ကေသက်မော်က လက်ခံယူပြီး ကျောင်းဖြစ်မြောက်ရေး အထွေထွေအတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ(မြစ်ကျိုး)က ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသည့် ကမ္ဘာ့ ဝိပဿနာ စေတီတော်မြတ်ကြီးအတွက် ဒုတိယဗိုလ်မှူးကြီး စိုးငွေး(ငြိမ်း) - ဒေါ်သန်းဝင်း သားသမီး၊ မြေးတစ်စုက အလှူငွေ ကျပ် တစ်သိန်းပေး အပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်/ကလေးစောင့်ရှောက်ရေးအသင်းကြီးမှူး အမျိုးသမီးများတွင် ဖြစ်တတ်သော သားအိမ်ခေါင်းကင်ဆာ စောစီးစွာ ရှာဖွေဖော်ထုတ် ကုသပေး

ရန်ကုန် စက်တင်ဘာ ၁၂

ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းကကြီးမှူးပြုလုပ်သော ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်များမှ အိမ်ထောင်သည်ရဲမေနှင့် မိသားစုဝင် ၈၃ဦးတို့အား အမျိုးသမီးများတွင် ဖြစ်တတ်သော သားအိမ်ခေါင်းကင်ဆာ စောစီးစွာရှာဖွေဖော်ထုတ် ကုသပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၁)တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံခုတင်(၃၀၀)၌ ကျင်းပရာ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့်အဖွဲ့ လှည့်လည်ကြည့်ရှု အားပေးကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှတ်(၁) တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံခုတင်(၃၀၀)မီးယပ်နှင့် သားဖွားဌာနသို့ အလှူငွေကျပ် နှစ်သိန်း ပေးအပ်လှူဒါန်းရာ ပါမောက္ခဌာနမှူး ဒုတိယဗိုလ်မှူးကြီး ဒေါ်ရင်ရင်ဇော်က လက်ခံကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)(သတင်းစဉ်)**

အခြေခံပန်းအလှပြုပြင်မှု သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၂

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းက ကြီးမှူး၍ အခြေခံပန်းအလှပြုပြင်မှု သင်တန်း၊ အမှတ်စဉ်(၃/၂၀၀၇)ကို စက်တင်ဘာ ၁၃ရက်မှ ၂၂ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအတွင်း သင်တန်းသား၊သင်တန်းသူ ၅၀ဖြင့် ရန်ကုန်မြို့ ပြည်သူ့ ရင်ပြင်အတွင်းရှိ ပြည်ထောင်စု အေးရိပ်ငြိမ်ခန်းမဆောင်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းကြေးအဖြစ် အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက် ငွေကျပ်၇၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် ငွေကျပ် ၈၀၀၀ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး တယ်လီဖုန်း-၃၇၉၃၆၁ သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်း သိရသည်။ **(၃၀၈)**

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကံဘဲ့ဘူတာရုံလမ်း ပဋ္ဌနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက်ရှိ ရန်ကုန်နိကာယ် သာသနာတော်ထွန်းကားရေးအသင်းကြီး၏ စာလျှောက်မေးပွဲ ထာဝရပဒေသာပင်အတွက် အမှတ် ၂၅ ဘုရင့်နောင်တာဝါ (၄)ရပ်ကွက် ကမာရွတ်မြို့နယ်နေ ဦးကြည်လင်း-ဒေါ်ထားထားရီ၊ သားမောင်မြင့်ထွန်းလင်း၊ သမီးမေသက်ထားကြည်မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဘဏ္ဍာရေးမှူး ဦးရွှေဝင်းနှင့် တွဲဖက်အတွင်းရေးမှူး ဦးကျော်စိန်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

ပန်းအလှပင်များစိုက်ပျိုး ပေါင်းမြက်များရှင်းလင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး သန့်ရှင်းသာယာလှပရေးအတွက် ဆိုင်းဘုတ်ဝန်းကျင်၌ ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်း လုပ်ငန်းကို ရုံးဝန်ထမ်းများ စုပေါင်း ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမျိုးဇော်က အနီးကပ်ကြီးကြပ်၍ဆောင်ရွက်ပေးကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ညောင်လေးပင် စည်ပင်အမှုဆောင်အရာရှိ ကောက်ကွေ့ကျေးရွာအဝင် ဂဝံလမ်းပြုပြင်မှုစစ်ဆေး

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇-၂၀၀၈ခု ဘဏ္ဍာရေးနှစ် ကောက်ကွေ့ကျေးရွာအဝင် ဂဝံလမ်းပြုပြင်မှု အခြေအနေအား စက်တင်ဘာ ၂ ရက်က အမှုဆောင်အရာရှိ ဦးတင်ငွေး ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်ဇော်ဝင်းက ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဖလမ်း မြို့တွင်းလမ်းများ ကောင်းမွန်ရေး ဆောင်ရွက်

ချင်းပြည်နယ် ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းလမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၀၀၇-၂၀၀၈ ခုနှစ် ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် ဗိုလ်ချုပ်လမ်း မိုင်တိုင်အမှတ် ၈၀/၁ နေရာအား မြေထိန်းကျောက်စီနံရံတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ရာအမှုဆောင်အရာရှိ ဦးထလာဟာရဲ၏ ကြီးကြပ်မှု၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလလ်ဟုပ်ထန်း၏ ဆောင်ရွက်မှုတို့ဖြင့် ဩဂုတ် ၃၁ရက်က လုပ်ငန်း အားလုံးဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ကွန်ဟိန်းဆေးရုံမှ လူနာများအားပေးစကားပြောကြား

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ဩဂုတ် ၂၈ရက် နံနက် ၈နာရီက ကွန်ဟိန်းမြို့နယ် နယ်မြေခံတပ်နယ်ခန်းမ၌ မိသားစုဝင်များနှင့်ကလေးငယ်များအားတွေ့ဆုံ၍ အားကစားစရာအရုပ်များ၊ ကျောင်းသား၊ကျောင်းသူများအား ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ ကွန်ဟိန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံတက်ရောက်ကုသလျက်ရှိသော လူနာများအား အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့သည်။

၎င်းနောက် မြို့မကွန်ဟိန်းဘုန်းတော်ကြီးကျောင်းတွင် ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကန်တော့၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက်နံနက်၉နာရီခွဲတွင် ကွန်ဟိန်းမြို့အထွက်၌ ကျင်းပသော ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲတော်သို့ပါဝင်စိုက်ပျိုးပေးကြောင်းသိရသည်။ (ပြည်နယ်အမျိုးသမီးရေးရာ)

ရွှေကူ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

ရွှေကူမြို့နယ် မြို့လှမြို့ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် နိုင်ငံသားကတ်ပြားများဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၇ရက် မွန်းလွဲ ၂နာရီက နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲ အခမ်းအနားကို မြို့လှမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ယာယီရုံးခန်းမတွင်ကျင်းပရာ ဗန်းမော်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်စိုးက နိုင်ငံသားအရည်အချင်း ပြည့်မီသူ ၁၃၂ဦးတို့အား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဒဂုံမြို့သစ်(အရှေ့ပိုင်း) ပြန်/ဆက် ဦးစီးဌာန နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၂

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို ဩဂုတ် ၂၃ ရက် နံနက် ၁၁ နာရီက (၁၂၅)ရပ်ကွက် အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးစိန်လွင်က အဖွင့်အမှာစကားပြောကြားပြီး(အောက်ပုံ) မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်သွယ်က စာကြည့်တိုက် ရှင်သန်ခိုင်မာရေးနှင့် နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဖတ်ကြားဆွေးနွေး

ဆက်လက်၍ (၁၂၅) ရပ်ကွက် အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဥက္ကဋ္ဌဦးမြင့်မောင်က ချစ်နိုင်(စိတ်ပညာ)၏ရွှေဖိနပ်ရုပ်တိုက်စီး စာအုပ်မှ ငယ်စဉ်ကစ ပျိုးထောင်မှ ဆောင်းပါးကို လည်းကောင်း၊ ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်တင်ရီက ဩဂုတ် ၁၉ ရက်ထုတ် ကြေးမုံသတင်းစာပါ တိုင်းကျိုးပြည်ပြုစာပေတာဝန် ကျေပွန်စွာထမ်းဆောင် ဆောင်းပါးကိုလည်းကောင်း အသီးသီးဖတ်ကြားဆွေးနွေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓ သာသနာပြု မြန် မာ ကျောင်းတော် ကြီး ဖြစ် မြောက်ရေး ကော်မတီရုံးခန်း(ဗဟန်း ၃ လမ်း မှတ်တိုင် အနီး)တွင် အမှတ် ၁၁၆(စ)လမ်းသုခ ရိပ်သာ၆ ရပ်ကွက် လှိုင်မြို့နယ်နေ ဦးတင်ဝင်း(၄)နှစ် ပြည့်အား ရည်စူး၍ ဇနီးဒေါ်နွဲ့(ခ) ဒေါ်ခင်အေးကြည်နှင့် သား ကျော်ကျော်ဝင်းက ငွေကျပ်တစ်သိန်းကို တွဲဖက် ဘဏ္ဍာရေးမှူးဦးစိုးနိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မုံရွာမြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး၊ ဂုဏ်ပြုဆုချီးမြှင့်

မုံရွာ စက်တင်ဘာ ၈

မုံရွာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၇) အခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက် ၁၀နာရီက မုံရွာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက် အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်အောင်နှင့် တိုင်းအလုပ်အမှုဆောင်(မုံရွာခရိုင်တာဝန်ခံ) ဒေါ်စုစုမြင့်၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်း ရေးမှူး ဦးကံညွန့်နှင့် အလုပ်အမှုဆောင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်စွာ ထွန်းနှင့်အဖွဲ့ဝင်များ၊ မုံရွာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးစိုးမြင့်လွင်နှင့် အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

ဖတ်ကြားတင်သွင်း

ရှေးဦးစွာ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက် အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အလုပ်အမှုဆောင်အဖွဲ့၏ တစ်နှစ်တာဆောင်ရွက်ချက်များကို မြို့နယ် အလုပ်အမှုဆောင်များက ကဏ္ဍအလိုက် ဖတ်ကြားတင်သွင်း ဆွေးနွေးကြသည်။

ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် မုံရွာမြို့နယ်အတွင်း ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ကျင်းပရာ ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦးအား တိုင်းအလုပ်အမှုဆောင်(မုံရွာခရိုင်တာဝန်ခံ) ဒေါ်စုစုမြင့်က လည်းကောင်း၊ ငါးဘာသာ ဂုဏ်ထူးရှင် ၂၃ ဦးအား ခရိုင်၊ မြို့နယ်အလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူအသီးသီးကလည်းကောင်း ဆုများချီးမြှင့်ပြီးနောက် အစည်းအဝေးကို ဆက်လက် ကျင်းပရာ အတည်ပြုချက်များ၊ ဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ်ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း)

တောင်ကြီးခရိုင်ဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ ကျင်းပ

တောင်ကြီး စက်တင်ဘာ ၆

၂၀၀၇ခုနှစ် တောင်ကြီးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း မြို့နယ်အလိုက် ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၃၀ ရက် ညနေ ၃နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစား ပြိုင်ကွင်းတွင် ကျင်းပသည်။

အနိုင်ရ

နောက်ဆုံးဗိုလ်လုပွဲအဖြစ် တောင်ကြီးမြို့နယ် ဘောလုံးအသင်းနှင့် ညောင်ရွှေမြို့နယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တောင်ကြီးမြို့နယ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ချီးမြှင့်

ယင်းနောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာပထမ၊ ဒုတိယရရှိသော အသင်းများမှအားကစားသမားများအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားများကို ခရိုင်ဦးစီးအရာရှိ ဦးဌေးဝင်း၊ ခရိုင်အတွင်းရေးမှူး ဦးတင်ဝင်းတို့က ပေးအပ်ကြပြီး နေရာအလိုက် အကောင်းဆုံး ကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားကျပ်တစ်သောင်းစီနှင့် ပထမဆုရရှိသောတောင်ကြီးမြို့နယ်အသင်းအား ခရိုင်ဥက္ကဋ္ဌ ဦးထွန်းအောင်က တံခွန်စိုက်ဒိုင်း၊ ဆင့်ပွားဒိုင်းနှင့် ငွေကျပ်တစ်သိန်းငါးသောင်းကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(ဝဲပုံ) (ခရိုင် အား/ကာ)

မြို့နယ် သတင်းများ

မန်တုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ဝတ်စုံများ ပေးအပ်

မန်တုံ စက်တင်ဘာ ၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် မန်တုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား ရုံးဝတ်စုံများ ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၃ရက် နံနက်၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင် တက်ရောက် အမှာစကားပြောကြားသည်။

ဝတ်စုံပေးအပ်

အစီအစဉ်အရ မန်တုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၃၁ဦးအတွက် ငွေကျပ် ၃၁၀၀၀၀တန်ဖိုးရှိ ရုံးဝတ်စုံများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်က ပေးအပ်ရာ ဝန်ထမ်းများကိုယ်စား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းအောင်က လက်ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဩဂုတ် ၅ရက်က ညောင်ဦး(ပုဂံ)မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းများကို နှစ်စဉ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ငါ့သရောက်မြို့ တမခါးကျေးရွာတွင် လေးလက်မ စက်ရေတွင်းအား စည်ပင်သာယာရေး ဦးစီးဌာနပိုင် တွင်းတူးစက်ဖြင့် တူးဖော်ဆောင်ရွက်နေမှုကို အင်ဂျင်နီယာမှူး ဒေါ်ချိုချိုခင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးရဲကျော်သူတို့ ကွင်းဆင်း ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

မဟာစန္ဒာရုံ ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက် အုတ်တံတိုင်းအတွက် အလှူငွေပေးအပ်

ရန်ကုန် စက်တင်ဘာ ၁၂

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ရပ် အမှတ်(၃)လမ်းဆုံ နွယ်ခွေလမ်းနှင့် အမှတ်(၃)လမ်းမကြီးကြားရှိ မဟာစန္ဒာရုံဝိပဿနာဓမ္မရိပ်သာအတွင်း အုတ်တံတိုင်းအတွက် သင်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာအိမ်ရာနေ ဗိုလ်မှူးချုပ် ဝင်းအောင်တင့်(ငြိမ်း)-ဒေါ်စန်းရီမိသားစုတို့က စက်တင်ဘာ၆ရက်က အလှူငွေကျပ်ကိုးသိန်းကို ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာလင်္ကာရ (ကမ္မဋ္ဌာနာစရိယ)ရှေ့မှောက်၌ ရေစက်ချလှူဒါန်းကြရာ ကျောင်းဒါယကာကြီး ဦးလှသန်း(ရေသန့်)က လက်ခံယူသည်။ **(အပေါ်ပုံ)**

အထက်ပါရိပ်သာတွင် ဆရာတော်ကျောင်း၊ သိမ်၊ ဓမ္မာရုံနှင့်ယောဂီဆောင် လှူဒါန်းလိုသူများ ဆရာတော် ဖုန်း-၀၉-၅၁-၂၅၄၅၃ သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ **(က-ပ)**

လှိုင်မြို့နယ် ၇ ရပ်ကွက် အမှတ်(၁၁-ဆ) ပဏ္ဍိတလမ်းမှ ဦးမျိုးသိမ်း-ဒေါ်မေသန်းဝင်း၊ သားသမီး၊ မြေးတစ်စုက လှိုင်မြို့နယ် အမှတ်(၈)ရပ်ကွက် ဦးချိုလမ်းရှိ မယ်ဇလီကျောင်းတိုက်၌ အသစ်ဆောက်လုပ်လျက်ရှိသော ပညာဗိမာန်နှစ်ထပ်ကျောင်းအတွက် အလှူငွေကျပ်၁၂၅၀၀၀၀ကို ကျောင်းဖြစ်မြောက်ရေးကော်မတီ ဘဏ္ဍာရေးမှူး ဦးကံထွန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါတွင်းအထူးတရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၁၂

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၈၂ နတ်မောက်လမ်းရှိ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး တစ်လနှစ်ကြိမ် ကျင်းပသော ဝါတွင်းကာလ အထူးတရားစခန်းပွဲ ပဥ္စမအပတ်ကို အောက်တိုဘာ၂ရက်မှ၁၁ရက် (တော်သလင်းလပြည့်ကျော်၆ရက်မှ ၁၅ရက်)အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီး၌ အဖွဲ့ချုပ်နာယက ကျိုက္ကလော့ဆရာတော်ဒေါက်တာစန္ဒာဝရာ ဘိဝံသက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ပြီး တရားစခန်းဝင်လိုသူများ စက်တင်ဘာ၂၂ရက်တွင် စာရင်းပေးသွင်းကြရန်နှင့် အသေးစိတ်သိလိုပါက ဖုန်း-၅၄၁၈၆၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ
အတီးပြိုင်ပွဲဝင်များလေ့လာရန် သတ်မှတ်သော သီချင်းများ

(ယမန်နေ့ကအဆက်)

ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ

၁။ **ဝါသနာရှင်(ပထမတန်း)အဆင့်**
- (က) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
- (ခ) လေပြည်ဆော်သွင်းမြူး (ယိုးဒယား)
- (ဂ) အောင်မင်္ဂလာ (ယိုးဒယား)
- (ဃ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
- (င) ပုံပမာ (ကြိုး)
- (စ) ရွှေပန်းပန်နှင့်ကိုယ်တော်နှင်းနံ့ (လေးထွေသံကတ်)
- (ဆ) ဘုန်းများများမင်း (ပတ်ပျိုး)
- (ဇ) အာကာယံထဲ (ပတ်ပျိုး)

၂။ **ဝါသနာရှင်(ဒုတိယတန်း)အဆင့်**
- (က) ရွှန်းရွှန်းမြ (သီချင်းခံ)
- (ခ) တောဟောဝန်လယ် (ယိုးဒယား)
- (ဂ) ဂန္ဓမာရိပ်သာ (ပတ်ပျိုး)

၃။ **အဆင့်မြင့်ပညာအဆင့်**
- (က) ယသော်ရော (ယိုးဒယား)
- (ခ) ရွှေနန်းအောင်ချာ (ကြိုး)
- (ဂ) ပြည်ပြည်မင်းပေါင်း (သီချင်းခံ)

၄။ **အခြေခံပညာ(၁၅-၂၀)အဆင့်**
- (က) မှန်ရဝေ (ပတ်ပျိုး)
- (ခ) မြန်သပြေဖွေဆင်းရွှေဝတ် (ယိုးဒယား)
- (ဂ) လှဲ့လှဲ့စိမ်းရောင် (ကြိုး)

၅။ **အခြေခံပညာ(၁၀-၁၅)အဆင့်**
- (က) ပြောင်ပြောင်ပြောင်နာဂိန် (ကြိုး)
- (ခ) ကိုးပါးပေါင်းစု (ကြိုး)
- (ဂ) ဟေမန်ပွေဟန် (ပတ်ပျိုး)

၆။ **အခြေခံပညာ(၅-၁၀)အဆင့်**
- (က) ဝေဘာဂီရိ (ကြိုး)
- (ခ) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)
- (ဂ) သီဒါသီဒါမြသား (ကြိုး)

မယ်ဒလင်ပြိုင်ပွဲ

၁။ **ဝါသနာရှင်(ပထမတန်း)အဆင့်**
- (က) စိန်ကြောင်နီလာ (ပတ်ပျိုး)
- (ခ) အောင်မြေမြမန်း (ပတ်ပျိုး)
- (ဂ) နှင်းယွန်းခါဟေမန် (ယိုးဒယား)
- (ဃ) တောမြိုင်စွန်း (ယိုးဒယား)
- (င) ပြည်ပြည်မင်းပေါင်း (သီချင်းခံ)
- (စ) ထောင်ရောင်နေကသာ (သီချင်းခံ)
- (ဆ) မန္တလာဘုံ (ဘွဲ့)
- (ဇ) စိန်ခြယ်ဖြာရောင်လင်း (ကြိုး)

၂။ **ဝါသနာရှင်(ဒုတိယတန်း)အဆင့်**
- (က) မြိုင်ခြေခိုင်ရွှေ (ပတ်ပျိုး)
- (ခ) ဇမ္ဗူရောင်ကွန့် (ဘွဲ့)
- (ဂ) သုဝဏ္ဏသာမ (ကာလပေါ်)

၃။ **အဆင့်မြင့်ပညာအဆင့်**
- (က) ပန်းညောင်လှိုင်ဘွဲ့ (ယိုးဒယား)
- (ခ) ဘုန်းမိုးရှာစွေ (ကြိုး)
- (ဂ) ဂုဏ်တော်ဖွင့် (ကာလပေါ်)

၄။ **အခြေခံပညာ(၁၅-၂၀)အဆင့်**
- (က) အောင်မင်္ဂလာ (ယိုးဒယား)
- (ခ) သည်ဆောင်းဟေမန် (ဘွဲ့)
- (ဂ) မင်္ဂလာဆယ့်နှစ်ပါး (ကာလပေါ်)

၅။ **အခြေခံပညာ(၁၀-၁၅)အဆင့်**
- (က) ကန္တာ၁တောခြေ (ယိုးဒယား)
- (ခ) တီးရွှမ်းအောင်စည် (ကြိုး)
- (ဂ) ပဋ္ဌသိမ် (ကာလပေါ်)

၆။ **အခြေခံပညာ(၅-၁၀)အဆင့်**
- (က) စိမ်းလဲ့လဲ့ (ကြိုး)
- (ခ) သာယာ (ကြိုး)
- (ဂ) မေတ္တာရွှေရည် (ကာလပေါ်)

ဂီတာပြိုင်ပွဲ

၁။ **ဝါသနာရှင်(ပထမတန်း)အဆင့်**
- (က) ချစ်သမျှကို (ပတ်ပျိုး)
- (ခ) သာဆန်းရဂုံဖွေ (ပတ်ပျိုး)
- (ဂ) စိန်ခြယ်ဖြာရောင်လင်း (ကြိုး)
- (ဃ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
- (င) အမင်းမင်းခရ (သီချင်းခံ)
- (စ) မန္တလာဘုံ (ဘွဲ့)
- (ဆ) တောမြိုင်ခြေလမ်း (ယိုးဒယား)
- (ဇ) မန်းတောင်လက်ယာ (ယိုးဒယား)

၂။ **ဝါသနာရှင်(ဒုတိယတန်း)အဆင့်**
- (က) ဘုန်းမိုးသွန်းလောင်း (သီချင်းခံ)
- (ခ) ဟောဝန်မြိုင်လမ်း (ယိုးဒယား)
- (ဂ) ပတ္တမြားပလ္လင် (ကာလပေါ်)

၃။ **အဆင့်မြင့်ပညာအဆင့်**
- (က) မှိုင်းရိပ်ကယ်တည့် (ကြိုး)
- (ခ) နန်းဘုံသီဟာဖွေ (ယိုးဒယား)
- (ဂ) စည်တော်ကြီး (ကာလပေါ်)

၄။ **အခြေခံပညာ(၁၅-၂၀)အဆင့်**
- (က) မှန်ညောင်သဇ္ဇာ (ဝတ်တော်ရုံဘွဲ့)
- (ခ) ကန္တာ၁တောခြေ (ယိုးဒယား)
- (ဂ) အောင်နိမိတ် (ကာလပေါ်)

၅။ **အခြေခံပညာ(၁၀-၁၅)အဆင့်**
- (က) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)
- (ခ) မြန်ခန်းကျွန်းတွင်း (ကြိုး)
- (ဂ) ပိတောက်ရွှေဝါ (ကာလပေါ်)

၆။ **အခြေခံပညာ(၅-၁၀)အဆင့်**
- (က) ဘုံဆောင်မြင့် (ကြိုး)
- (ခ) ဝေဘာဂီရိ (ကြိုး)
- (ဂ) မေတ္တာ (ကာလပေါ်)

ဒုံမင်းပြိုင်ပွဲ

၁။ **ဝါသနာရှင်(ပထမတန်း)အဆင့်**
- (က) ပပဝင်းဝင်း (ပတ်ပျိုး)
- (ခ) မှိုင်းပြာဝေ (ပတ်ပျိုး)
- (ဂ) မြန်ချာမြေကို (ပတ်ပျိုး)
- (ဃ) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)
- (င) ခါနွေဆန်း (ယိုးဒယား)
- (စ) မန်းတောင်လက်ယာ (ယိုးဒယား)
- (ဆ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
- (ဇ) သြဘာမင်္ဂလာ (ဘွဲ့)

၂။ **ဝါသနာရှင်(ဒုတိယတန်း)အဆင့်**
- (က) ချစ်သမျှကို (ပတ်ပျိုး)
- (ခ) သည်ဆောင်းဟေမန် (ဘွဲ့)
- (ဂ) ဝိစိတြ (ကာလပေါ်)

၃။ **အဆင့်မြင့်ပညာအဆင့်**
- (က) မှိုင်းရိပ်ကယ်တည့် (ကြိုး)
- (ခ) ဆန်းဆန်းသဥ္ဇာကြာညောင် (ယိုးဒယား)
- (ဂ) ဖုတ်သွင်းရထား (ကာလပေါ်)

၄။ **အခြေခံပညာ(၁၅-၂၀)အဆင့်**
- (က) နှုန်းနန်းထောက်စာ (ကြိုး)
- (ခ) နန်းဘုံသီဟာဖွေ (ယိုးဒယား)
- (ဂ) သမ္ဗုဒ္ဓေ (ကာလပေါ်)

၅။ **အခြေခံပညာ(၁၀-၁၅)အဆင့်**
- (က) ဂန္ဓမာတောင် (ဘွဲ့)
- (ခ) ဇေယျာအောင်ချာ (ကြိုး)
- (ဂ) မဟာဇနက (ကာလပေါ်)

၆။ **အခြေခံပညာ(၅-၁၀)အဆင့်**
- (က) သာယာ (ကြိုး)
- (ခ) ဝေဘာဂီရိ (ကြိုး)
- (ဂ) မေတ္တာ (ကာလပေါ်)

ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအတွက် အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၂

ရန်ကင်း ပြည်သာယာ(ကျိုက္ကဆံစူပါဝမ်း-တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် သင်္ဃန်းကျွန်း မိချောင်းကန်(၃) ခေမာသီ ၂ လမ်းနေ ဦးအုန်းသော်-ဒေါ်ခင်သန်းနွယ်တို့အား ရည်စူး၍ ဦးအောင်မင်း-ဒေါ်ခင်သန်းဦးမိသားစုကငွေကျပ်ငါးသိန်း၊ ဗဟန်း ကျိုက္ကဆံအနောက်မြင်းပြိုင်ကွင်းလမ်း ရွှေလဝင်းကဖီးမိသားစုက ငွေကျပ်နှစ်သိန်း၊ ဒေါက်တာမင်းညို - ဒေါ်ခင်မြဆွေ (စေတနာ ရွှေနဒီအဖွဲ့၊ အင်္ဂလန်)က ငွေကျပ်ငါးသိန်း၊ ရန်ကင်း ၁၃ ရပ်ကွက် ရွှေသစ္စာလမ်း၊ ဦးလေးမော် မွေးနေ့ဒါနငွေကျပ် တစ်သိန်းငါးသောင်း၊ ကျောက်မြောင်း အင်းဝလမ်း အမှတ် ၉၊ ဒေါ်စန်းမြင့်အား ရည်စူး၍ ငွေကျပ်တစ်သိန်းငါးသောင်း၊ မြောက်ဥက္ကလာပ ဝေဘာဂီမြို့သစ် ပိတောက်မြိုင်လမ်း ဦးဝင်းလွင်သက်-ဒေါ်လဲ့လဲ့ခိုင် မိသားစုက ငွေကျပ်ငါးသောင်း ရှစ်ထောင်အပါအဝင်၊ ဝေဘာဂီအာစိဏ္ဏကံစုဘူး အလှူရှင်များက ငွေကျပ် ၅၅၀၀၀၀၊ မြောက်ဥက္ကလာပ ၄-ရပ်ကွက် ဣန္ဒာ ၉လမ်း၊ နာရေးကူညီမှု လူငယ်များ ဦးဆောင်၍ အာစိဏ္ဏကံစုဘူး အလှူငွေကျပ်၁၆၉၁၀၀၊ ကန်တော်ကလေး ၉၃ လမ်း အမှတ် ၆၃ မိသားစုကငွေကျပ်တစ်သိန်း၊ ဘောက်ထော် ပြည်သာယာ မင်္ဂလာလမ်း ဒေါက်တာဦးတင်ကြည်အား ရည်စူး၍ ဒေါ်သန်းငွေမိသားစုက ငွေကျပ်တစ်သိန်း၊ ဘောက်ထော်-ပြည်သာယာ မာလာမြိုင်လမ်း ဒေါ်ခင်ကြည်မွေးနေ့ဒါနငွေကျပ်တစ်သိန်း၊ ရန်ကင်း ရေဝတီလမ်း ဦးကျော်နိုင်ဦး-ဒေါ်ဥမ္မာထွန်း၊သားကျော်သီဟထွန်းတို့က ငွေကျပ်တစ်သိန်း၊လမ်းမတော်၁၃လမ်း ဦးအောင်ဇင်ဦး-ဒေါ်ခင်သန်းမြင့် (၁၀) နှစ်မြောက် မင်္ဂလာအလှူ ငွေကျပ်တစ်သိန်း လှူဒါန်းကြသည်။ ကုသိုလ်ဖြစ်ဆေးခန်းသုံးထပ် တိုးမြှင့်ဆောက်နှင့် ဆေး၊ ဆေးပစ္စည်းတို့အတွက် ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃၊ ၀၉-၅၁ ၀၂၁၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သွေးဆေးကန် အရှင်နန္ဒာစရိယ (ခက်သင်) အထူးတရားပွဲ

ရန်ကုန် စက်တင်ဘာ ၁၂

ရန်ကုန်မြို့ သွေးဆေးကန်တိုက်မဏိရတနာမိုးကုတ်ကျောင်းမှ သွေးဆေးကန် အရှင်နန္ဒာစရိယ(ခက်သင်) (ဂဏဝါစက ဓမ္မာစရိယ၊ သာသနဓဇ ဓမ္မာစရိယ)သည် တော်သလင်းလဆန်း ၃ရက်တွင် ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် မြေတိုင်ကျေးရွာအုပ်စု မြကျွန်းသာရွာ ရဟန်းဒါယကာ၊ ဒါယိကာမများဖြစ်သော မယ်တော်ကြီး ဒေါ်အေးကြည်အမှူးထား၍ ဦးခင်မောင်မြင့်- ဒေါ်သန်းသန်းမြင့်မိသားစုတို့၏ ဘုရားအနေကဇာတင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၌လည်းကောင်း၊ ၄ရက်တွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ကတုက္ကမရွာ ဦးကျော်ရင် သမီးမအရီလေး မိသားစုတို့၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၌ လည်းကောင်း၊ လပြည့်ကျော်၂ ရက်နှင့်၃ရက်ညများတွင် ဧရာဝတီတိုင်း မြောင်းမြမြို့နယ် ကွယ်လွယ်ရွာ ဘုရားကြီးကုန်းကျောင်းဘုရားပွဲ၌လည်းကောင်း၊ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်းခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကိုဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

နိုင်ငံတော်တည်ငြိမ်အေးချမ်းစေရန်၊ အစဉ်ဖွံ့ဖြိုးတိုးတက်စေရန် စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်အခြေပြုပြီး တတ်စွမ်းသမျှဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် စက်တင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းမှ အမှုဆောင်အဖွဲ့များ၊ ခရိုင်လေးခရိုင်မှ အတွင်းရေးမှူးများ၊ မြို့နယ် ၁၉ မြို့နယ်မှ မြို့နယ်အတွင်းရေးမှူးများနှင့် ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား တွေ့ဆုံသည်။

အစီအစဉ်အရ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က အမှာစကား ပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရှမ်းပြည်နယ် (မြောက်ပိုင်း) တာဝန်ခံ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က အသင်းကြီး စတင်ဖွဲ့စည်းသည့် အချိန်မှစ၍ ၁၄ နှစ်တာ ကာလအတွင်း အသင်းဝင်များသည် ယုံကြည်ချက်၊ ခံယူချက်၊ စွဲမြဲခိုင်မာစွာဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းစေရန်၊ အစဉ်ဖွံ့ဖြိုး တိုးတက်စေရန် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်အပေါ် အခြေပြုပြီး တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်ကြကြောင်း၊ မိမိတို့ ရောက်ရာအရပ်ရှိ မိဘပြည်သူများအား လေးလေးစားစား ဆက်ဆံပြီး မိဘပြည်သူများ၏ စီးပွားရေး၊ လူမှုရေး တိုးတက်မှုရှိအောင် ကျေးလက်ဖွံ့ဖြိုးရေး မူငါးချက်နှင့်အညီ ကူညီပံ့ပိုး ဆောင်ရွက်ပေးစေလိုကြောင်း မှာကြားပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ညပိုင်းတွင် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်း၌ တည်ထားကိုးကွယ်သည့် မဟာမြတ်မုနိ ဗုဒ္ဓရုပ်ပွားတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။**(သတင်းစဉ်)**

ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းဆေးခန်း အာယုဒါနအတွက် အလှူငွေ ကျပ်တစ်သိန်းကို မရမ်းကုန်းမြို့နယ် ကမ္ဘာအေး ကန်ရိပ်သာလမ်းနေ ဦးဇော်ဝင်းမြင့် ဒေါ်ထွေးထွေး၏ မိသားစုက ရွှေပြည်ဟိန်းဆရာတော်ထံ လှူဒါန်းရာ သူနာပြုဆရာမကြီး ဒေါ်ညွန့်ညွန့်ဝေက လက်ခံယူစဉ်။
(၁၁၅)

ဩဂုတ် ၂၈ ရက်က တောင်ဥက္ကလာပမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ၂၀၀၆-၂၀၀၇ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို သီရိရတနာခန်းမ၌ ကျင်းပရာ တက္ကသိုလ်ဝင်တန်း၌ ခြောက်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သူ မသက်ထားနွယ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်စိန်က ဆုချီးမြှင့်စဉ်။
(က-ပ)

မကွေးတိုင်း ပခုက္ကူခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၂

မကွေးတိုင်း၊ပခုက္ကူခရိုင်၊ ၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဝါသနာရှင်အဆင့်မြင့်ပညာ၊ အခြေခံပညာ) ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၃ ရက် နံနက် ၈ နာရီက ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဦးတင်မောင်စိုး တက်ရောက်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲဝင် ငါးမြို့နယ်မှ ပြိုင်ပွဲ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ ဝါသနာရှင် မိဘပြည်သူများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ဝင်ရောက်ယှဉ်ပြိုင်

အခမ်းအနားတွင် အခြေခံပညာ ကျောင်းသားမောင်ချစ်သူဝင်းနှင့် အကဝါသနာရှင် မသီသီဦးတို့က ကပြဖျော်ဖြေတင်ဆက်ကြပြီး ပြိုင်ပွဲများယှဉ်ပြိုင်ကြရာ ခရိုင်အတွင်းရှိ မြို့နယ်များမှ ပြိုင်ပွဲဝင် ၆၁ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ည ၈ နာရီတွင် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရာ ဆုရရှိသူများအား ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဦးတင်မောင်စိုးနှင့်တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ် ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အာမခံလုပ်ငန်း ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းမှ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် အခြေခံပညာ အထက်တန်းအောင်မြင်သည့် ဝန်ထမ်းများ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်သည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်) အဆောက်အအုံ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြန်မာ့အာမခံလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာ၊ ဒုတိယအထွေထွေမန်နေဂျာများ၊လက်ထောက် အထွေထွေ မန်နေဂျာများ၊ အရာထမ်းဝန်ထမ်းများ၊ ဆုရ ကျောင်းသားများနှင့် မိဘများ တက်ရောက်ကြသည်။

ချီးမြှင့်ပေးခဲ့

အဆိုပါအခမ်းအနားတွင် ပထမဦးစွာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ချီးမြှင့်သည်။ မြန်မာ့အာမခံလုပ်ငန်း ဝန်ထမ်းမိသားစုမှ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် အခြေခံပညာ အထက်တန်း အောင်မြင်သူများအနက် လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ တစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သူ တစ်ဦး၊ တစ်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သူ နှစ်ဦး၊ ရိုးရိုးအောင်မြင်သူ ၁၂ ဦး စုစုပေါင်း ၁၆ ဦးအား ဆုချီးမြှင့်သည်။ ဆုငွေမှာ ရိုးရိုးအောင်မြင်သူအား ကျပ် ၁၀၀၀၀၊ ဂုဏ်ထူးရ တစ်ဘာသာကို ကျပ် ၂၀၀၀ ဖြင့် ချီးမြှင့်ပေးသည်။

ထောက်ပံ့ချီးမြှင့်သွားမည်

အခြေခံပညာ အထက်တန်းစာမေးပွဲကို အမှတ်အများဆုံးဖြင့်အောင်မြင်သူ လေးဘာသာဂုဏ်ထူးရှင် မရွှန်းလဲ့ရည်အောင်အား ဘွဲ့ရသည်အထိ နှစ်ရှည်ပညာသင်ဆုအဖြစ် တစ်လလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ပညာသင်ကာလ ပြီးဆုံးသည်အထိ ထောက်ပံ့ချီးမြှင့်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၉-၂၀၀၇ (ကြာသပတေးနေ့)

AM / PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	အင်္ဂါစုံတဲ့လူ တရားတော် (ဒုတိယပိုင်း) [ဘဒ္ဒန္တပညာဝံသ ပုပ္ပားစကားဝါမြေဆရာတော်]
၇း၅၀ - ၁း၅၀	ယွန်းထည်အတတ်ပညာ
၈း၁၅ - ၂း၁၅	တေးဂီတအစီအစဉ်
၈း၂၀ - ၂း၂၀	ပြည်တွင်းအနုပညာ ရေးရာ
၈း၅၀ - ၂း၅၀	တေးဂီတအစီအစဉ်
၈း၅၅ - ၂း၅၅	ရေကောင်းရေသန့်ပေးဝေမည့် ရန်ကုန်မြို့နေ ပြည်သူတွေဆီ
၉း၁၀ - ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ - ၃း၂၀	UV Protected Fiber Glass သံလိုက်ခြင်ဆန်ခါ
၉း၃၀ - ၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅ - ၃း၃၅	နိုင်ငံတကာ သတင်းအကျဉ်း
၉း၄၀ - ၃း၄၀	ချစ်စရာ့အဖော် "Hamster"
၉း၅၅ - ၃း၅၅	မိုးလေဝသခန့်မှန်းချက်
၁၀း၀၀ - ၄း၀၀	ကျန်းမာရေးကဏ္ဍ (မျက်စိနှင့်ကျန်းမာရေး) [ဒေါက်တာမီမီထွန်း]
၁၀း၃၅ - ၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀ - ၄း၄၀	ဆန်းသစ်လှပ မြန်မာ့ကြေးဒေါင်းရွှေအလှ
၁၀း၅၀ - ၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀ - ၅း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅ - ၅း၀၅	နည်းစနစ်မှန်မှန် ကော်ဖီစိုက်ပျိုးရန်
၁၁း၂၅ - ၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀ - ၅း၃၀	သင်ယူလေ့လာ ဂီတပညာ (ကိုစိုင်း) [အပိုင်း-၆]
၁၂း၀၀ - ၆း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅ - ၆း၀၅	တစ်ခဏသူနှင့် ထာဝရသူ၏
၁၂း၃၅ - ၆း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀ - ၆း၄၀	သွားမယ်၊ စားမယ် (Gourmet Palace Restaurant)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ခန္တီးမြို့တွင် ရေနုတ်မြောင်းတူးဖော်

ရန်ကုန် စက်တင်ဘာ ၁၂

စစ်ကိုင်းတိုင်း ခန္တီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဘွား၏ ကြီးကြပ်မှုဖြင့် အဖွဲ့ဝန်ထမ်းများသည် စက်တင်ဘာ ၇ ရက်က ခန္တီးမြို့တွင် ရေစီးရေလာကောင်းမွန်ရေးအတွက် ကမ်းနားလမ်းနှင့် ဈေးလမ်းရှိ ရေနုတ်မြောင်းများကို တူးဖော်၍ သန့်ရှင်းရေးဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

အင်းစိန်မြို့နယ် ကမ်းနားအလယ်ရပ်ကွက်တွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး လုပ်ငန်းများကို စက်တင်ဘာ ၈ ရက်က ပြုလုပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေ၏ ကြီးကြပ်မှုဖြင့် ရပ်ကွက်အတွင်း ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်စဉ်။
(ခရိုင် ပြန်/ဆက်)

အမက (၂၄) သာကေတ မိဘဆရာ အသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို စက်တင်ဘာ ၉ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်သန်းက ငါးနှစ်ဆက်တိုက် ပထမဆု ရရှိသူ မဇင်မာဖြိုးအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။
(၂၅၈)

NLD ပါတီ၏လုပ်ရပ်များကို လက်ခံနိုင်ခြင်းမရှိ စစ်ကိုင်းမြို့နယ်နှင့်နေပြည်တော်ပျဉ်းမနားမှ ပါတီဝင်ခုနစ်ဦး နုတ်ထွက်

ရန်ကုန် စက်တင်ဘာ ၁၂

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ရေခါးကျေးရွာနေ ဦးခွေးညို၊ ဦးတင်ညွန့်၊ ဦးအောင်သန်း၊ ဦးကျော်ညွန့်၊ ဦးကောင်းကြည်၊ ဦးခင်မောင်နှင့် နေပြည်တော် ပျဉ်းမနားမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးစိုးသူရတို့သည် စက်တင်ဘာ ၃ ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့ နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းမြို့နယ်နှင့် နေပြည်တော် ပျဉ်းမနားမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်သို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီ၏ လုပ်ရပ်များကို လက်ခံနိုင်ခြင်းမရှိ၊ ပါတီဝင်အဖြစ် ဆက်လက် ရပ်တည်လိုခြင်းမရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် NLD ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

မြန်အောင်မြို့နယ်နှင့်ကြံခင်းမြို့နယ် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၇)ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် စက်တင်ဘာ၈ရက်တွင် ဧရာဝတီတိုင်း ကြံခင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးသို့သွားရောက်၍ မြို့နယ်အသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာစည်းရုံးရေးမှူးများအား တွေ့ဆုံသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် မြန်အောင်မြို့ ဝေဠုဝန်ပရိယတ္တိ စာသင်တိုက်၊ ပရိယတ္တိ ဝဲပုံ့စာသင်တိုက်နှင့် မုံရွာ စာသင်တိုက်များသို့ သွားရောက်၍ မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့် သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၉ရက်တွင် မြန်အောင်မြို့ အောင်ဇေယျခန်းမ၌ ကျင်းပသော မြန်အောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၇)သို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းအသင်းအလုပ်အမှုဆောင် ဒေါက်တာဌေးဝင်းက အသင်းဆိုင်ရာကိစ္စများရှင်းလင်းတင်ပြသည်။

ဆုချီးမြှင့်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးက အသင်းတွင် အသုံးပြုရန် ကွန်ပျူတာတစ်စုံနှင့် အလှူငွေများကို ပေးအပ် လှူဒါန်းသည်။**(အောက်ယာပုံ)**

ယင်းနောက် ၂၀၀၇ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ မြို့နယ် အတွင်း အောင်ချက်အကောင်းဆုံး ကျောင်းများ နှင့် အသင်းက ကြီးမှူးဖွင့်လှစ်သော သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့ကြသော အသင်းသားအသင်းသူများအား ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး နှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ကြံခင်းမြို့ ဧရာဦးခန်းမသို့ သွားရောက်၍ ကြံခင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၇)သို့ တက်ရောက်၍အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းအသင်းအလုပ်အမှုဆောင် ဒေါက်တာဌေးဝင်းက အသင်းဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြသည်။

ထူးချွန်ဆု

ထို့နောက် ဗဟိုအလုပ်အမှုဆောင်က အသင်း၏ စည်းရုံးရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေများကို ပေးအပ်လှူဒါန်းပြီး ၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ မြို့နယ်အတွင်း အောင်ချက်အကောင်းဆုံး ကျောင်းများ နှင့် အသင်းကကြီးမှူး ဖွင့်လှစ်သော သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့ကြသော အသင်းသားအသင်းသူများအား ဗဟိုအလုပ်အမှုဆောင်နှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဖူးမြော်

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ကြံခင်းမြို့ လယ်ယာပရိယတ္တိကျောင်းတိုက်သို့သွားရောက်၍ မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရင်ပြင်တော်အခင်း လှူဒါန်းနိုင်ကြ

ရန်ကုန် စက်တင်ဘာ ၁၂

မန္တလေးတိုင်း ညောင်ဦးမြို့နယ် စဉ့်ကူမြို့ မြို့ကုန်းရပ်ကွက် ဧရာဝတီမြစ်ကမ်းနဖူးပေါ်ရှိ ရှေးဟောင်းဉာဏ်တော်မြင့် စိန္တာမုနိစေတီကြီး စေတီတော်ပရဝဏ်အတွင်း ဘဒ္ဒန္တဉာဏိတ ဦးဆောင်သော ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့(အင်းစိန်)က ကြီးမှူး၍ အလျား ၉ ပေ x အနံ ၉ပေ x ထု ၁ ပေရှိ ကွန်ကရစ်အခင်း ၂၀၀ကို စတင် လှူဒါန်းလျက်ရှိရာ တစ်ကွက်လျှင် ငွေကျပ်၉၀၀၀နှုန်းဖြင့် လှူဒါန်းလိုသူများသည် ဒေါ်မငယ် ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀အဖွဲ့ရုံး စုပေါင်းရုံးဝင်း အင်းစိန် ဖုန်း-၆၄၂၈၅၈၊ ၆၄၀၄၈၇၊ ၆၄၀၄၈၉ နှင့် ဦးထွန်းထွန်းဝင်း ဖုန်း ၀၆၁-၂၁၀၅၅(မြို့နယ်မြေစာရင်းရုံး၊ ချောက်မြို့)သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သာကေတမြို့နယ် အလက(၄) သင်ထောက်ကူအလှူငွေပေးအပ်

ရန်ကုန် စက်တင်ဘာ ၁၂

သာကေတမြို့နယ် အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်း နှစ်ပတ်လည် အစည်းအဝေးကို စက်တင်ဘာ ၉ရက် မွန်းတည့် ၁၂ နာရီတွင် ကျောင်းခန်းမ၌ ပြုလုပ်ရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောထွန်းအောင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ခိုင်နှင့် မိဘဆရာ အသင်းအမှုဆောင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အစည်းအဝေးတွင် သင်ထောက်ကူ ပစ္စည်းများ ပြုပြင်ဝယ်ယူရန် အလှူငွေများ ပေးအပ်ကြရာ ဦးစောထွန်းအောင် - ဒေါ်နှင်းနှင်းယု (စာရေးကိရိယာ၊ မိတ္တူ)၊ ဒေါ်နုနုရွှေ (မိဘမေတ္တာ)၊ ဦးသန်းဇော် (မိသားစု)၊ ဦးမြင့်သိန်း- ဒေါ်ခင်မာချို၊ ဦးမြင့်စိုး- ဒေါ်စန်းမြင့်၊ ဦးသန်းထွန်း- ဒေါ်ရင်ရွှေ၊ ဦးချိုဝင်း၊ ဦးတင်မောင်ဝင်း၊ ဦးအုန်းသန်း- ဒေါ်အေးအေးခိုင်၊ ဦးမောင်မောင်ကျော်- ဒေါ်တင်ရွှေ၊ ဦးသောင်းမြင့်- (ဆရာမကြီး ဒေါ်သိန်းရွှေ)တို့က ကျပ်တစ်သိန်းစီ၊ ဦးသောင်းလှ- ဒေါ်နီနီသိန်း၊ ဦးခင်မောင်ဝင်း၊ ဦးအောင်ထွန်း (ရပ်ကွက်ဥက္ကဋ္ဌ)၊ ဦးသက်ဆန်း- ဒေါ်တင်တင်ခိုင်၊ ဦးတင်ရှိန်၊ ဦးဝင်းအောင်-ဒေါ်အေးအေးသိန်း၊ ဦးထွန်းရွှေ-ဒေါ်တင်တင်ခိုင်၊ ဦးတင်အောင်တို့က ကျပ်ငါးသောင်းစီနှင့် အလှူရှင်များက စုစုပေါင်းလှူဒါန်းငွေ ကျပ်သိန်း၅၀ပေးအပ် လှူဒါန်းကြကြောင်း သိရသည်။ **(က-ပ)**

မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၂

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန်ဖနာရီခွဲ တိုင်းထွာချက်အရ ခန္တီးမြို့တွင် ၁၃၇၀စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက်၌ စင်တီမီတာ ၁၀ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၃၆၀အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။ (သတင်းစဉ်)

■ ကျောဖုံးမှ

ယခုနှစ်အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အုပ်စု(က)မှ ဗီယက်နမ်နှင့် မလေးရှား၊ အုပ်စု(ခ)မှ မြန်မာနှင့်ထိုင်းတို့ အကြိုဗိုလ်လုပွဲ ရောက်နိုင်သည်ဟု ပြိုင်ပွဲမစမီကပင် ကြိုတင်ထင်ကြေးပေးခဲ့ကြသည့်အတိုင်း အပြောင်းအလဲမရှိခဲ့ချေ။ ဗိုလ်စွဲနိုင်သည့်အသင်းများကို ခန့်မှန်းတွက်ချက်ရာ၌လည်း မြန်မာ၊ ဗီယက်နမ်နှင့် ထိုင်းအသင်းတို့အနက်မှ တစ်သင်းသင်း ဗိုလ်စွဲနိုင်သည်ဟုသာ အဖြေထုတ်ခဲ့ကြရာ မှားစရာမရှိဟု ဆိုရပေမည်။

ခြေစွမ်းချင်းမှာ ကွာခြား

အုပ်စု(ခ)၏နောက်ဆုံးပွဲစဉ်၌ မြန်မာက ထိုင်းကိုအနိုင်ရရှိလိုက်ခြင်းသည် မြန်မာအသင်းကို ဗိုလ်လုပွဲသို့ တက်လှမ်းသွားစေခဲ့သည်ဟု ဆိုပါကမမှားချေ။ ယနေ့ယှဉ်ပြိုင်ကစားမည့် မြန်မာနှင့်မလေးရှားတို့၏ပွဲစဉ်တွင် မြန်မာအသင်း အနိုင်ရမည်မှာ သေချာနေပြီး ဂိုးမည်မျှသွင်းပြီး အနိုင်ယူမည်ကိုသာ စောင့်ကြည့်ရမည်ဖြစ်သည်။ မြန်မာနှင့်မလေးရှားတို့၏ အမျိုးသမီးဘောလုံးအသင်းများ ယှဉ်ပြိုင်ခဲ့မှုမှတ်တမ်းကို ပြန်ပြောင်းကြည့်ပါက မြန်မာအသင်းကသာ အနိုင်ရရှိခဲ့ပေသည်။ ထို့အပြင် ယခုပြိုင်ပွဲ၌ ယှဉ်ပြိုင်ကစားခဲ့သော ပွဲစဉ်များအပေါ် အခြေခံ၍ ကောက်ချက်ဆွဲပါကလည်း ခြေစွမ်းချင်းမှာ ကွာခြားလွန်းနေသည်။

တွက်ရခက်သော ပုစ္ဆာတစ်ပုဒ်မှာ ထိုင်းနှင့်ဗီယက်နမ်ပွဲစဉ်ဖြစ်ပြီး အဖြေထုတ်ရန်မလွယ်ကူချေ။ မြန်မာပရိသတ်များအနေဖြင့် မြန်မာအမျိုးသမီးအသင်း၏ ပွဲစဉ်ကို ပိုမိုအာရုံစိုက် ကြည့်ရှုကြမည်ဖြစ်သော်လည်း အမှန်တကယ်ဘောလုံးရသပေးမည့် ပွဲကောင်းတစ်ပွဲမှာ ထိုင်းနှင့်ဗီယက်နမ်ပွဲစဉ်ဖြစ်သည်။ လက်ရှိချန်ပီယံ ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းအနေဖြင့် အုပ်စုတွင်းပွဲစဉ်များ၌ ပြိုင်ဘက်ကောင်းများနှင့် မဆုံတွေ့ရဘဲ သက်သောင့်သက်သာ အနိုင်ရခဲ့ခြင်းဖြစ်ရာ ခြေစွမ်းမည်မျှကောင်းသည်ကို ယခုပွဲက မှတ်ကျောက်တင်ခံရမည်ဖြစ်သည်။

ရှစ်ဂိုးပြတ်သွင်း

ထိုင်းအမျိုးသမီးဘောလုံးအသင်းသည် အုပ်စုဒုတိယဖြင့်သာ အကြိုဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်းဖြစ်သော်လည်း ခြေစွမ်းအရ ဂုဏ်မငယ်လှချေ။ အုပ်စုအဖွင့်ပွဲစဉ်၌ လာအို အမျိုးသမီးအသင်းကို ၁၃ ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူပြီး ဂိုးသွင်းစံချိန်တင်လိုက်သော ထိုင်းအမျိုးသမီးဘောလုံးကို ဗိုလ်စွဲနိုင်သည့်အသင်းအဖြစ် အားလုံးက အာရုံစိုက်နေရပြီဖြစ်သည်။ ထိုင်းအသင်းသည် ဒုတိယပွဲစဉ်၌ စင်ကာပူအသင်းကို ရှစ်ဂိုးပြတ်သွင်းပြီး အနိုင်ယူပြလိုက်သောအခါ အုပ်စုပထမနေရာအတွက် အခွင့်အရေးသာခဲ့သည်။

ထိုင်းနှင့် မြန်မာပွဲတွင် သရေကျလျှင် ဂိုးကွာခြားချက်အရ ထိုင်းအသင်း အုပ်စုပထမရမည်ဖြစ်သော်လည်း ပွဲပြီးခါနီး မိနစ်ပိုင်းအလို၌ မမျှော်လင့်ဘဲ ဂိုးပေးလိုက်ရပြီး အုပ်စုဒုတိယသာရရှိခဲ့ခြင်းဖြစ်သည်။ ယခုပြိုင်ပွဲ၌ ယှဉ်ပြိုင်ကစားမှုကို အခြေခံ၍ သုံးသပ်လျှင် ခြေစွမ်းအကောင်းဆုံးအသင်းမှာ ထိုင်းအသင်းဖြစ်သည်။ ထိုင်းအသင်းသည် တစ်ဦးချင်း ဘောလုံးကျွမ်းကျင်မှုနှင့် ကြံ့ခိုင်မှုအထူးကောင်းမွန်ပြီး အသင်းလိုက် နားလည်မှုရှိစွာကစားနိုင်ကြသည်။ မြန်မာနှင့်ပွဲတွင် ထိုင်းအသင်းမှ ကျောနံပါတ်(၁၇) တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခြင်းခံခဲ့ရသဖြင့် အဆိုပါကစားသမားသည် ဗိုလ်လုပွဲအထိကစားရတော့မည်မဟုတ်ရာ ထိုင်းအသင်းအတွက် အားနည်းချက်တစ်ရပ်ဖြစ်သွားသည်။

ပွဲစဉ်တိုင်းခြေမှန်

လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းသည်လည်း ဂိုးသွင်းစွမ်းရည်ထက်မြက်ပြီး ခြေမှန်သောအသင်းဖြစ်သည်။ အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဖိလစ်ပိုင်ကို ကိုးဂိုး-ဂိုးမရှိ၊ မလေးရှားကို ကိုးဂိုး-ဂိုးမရှိ၊ အင်ဒိုနီးရှားကို ရှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ သုံးပွဲကစားရာတွင် ၂၆ဂိုး သွင်းယူခဲ့ပြီး ပေးဂိုးမရှိခြင်းကိုကြည့်လျှင် ပွဲစဉ်တိုင်းခြေမှန်ရကြောင်း သုံးသပ်၍ ရသည်။

ပထမအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဗီယက်နမ်အသင်း ဒုတိယရခဲ့ပြီး ဒုတိယအကြိမ်အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ၌ ဗီယက်နမ်အသင်း အနိုင်ရဗိုလ်စွဲခဲ့သည်။ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌လည်း ဗီယက်နမ် အမျိုးသမီးဘောလုံးအသင်းက အောင်မြင်မှုအစဉ်အလာရှိသည်။ လက်ရှိအနေအထားတွင် အာဆီယံဒေသတွင်း အမျိုးသမီးဘောလုံးအသင်းများထဲ၌ ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်း ထိပ်ဆုံးအဆင့်၌ ရပ်တည်လျက်ရှိသည်။

ဂိုးရလိုစိတ်များ

မြန်မာအမျိုးသမီးဘောလုံးအသင်းသည် ပွဲဦးထွက်၌ အကောင်းဆုံး ခြေစွမ်းမပြနိုင်ဘဲ စင်ကာပူအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်သာ အနိုင်ရရှိခဲ့သည်။ ဒုတိယပွဲစဉ်အဖြစ် လာအိုအသင်းနှင့်ယှဉ်ပြိုင်ကစားရာတွင်လည်း ပထမပိုင်းပြီးဆုံးသည်အထိ ခြေစွမ်းတည်ငြိမ်မှုမရှိဘဲ ဂိုးရလိုစိတ်များကာ ကစားကွက် မပီပြင်ဘဲ ဖြစ်နေခဲ့သည်။ ဒုတိယပိုင်းရောက်မှသာ လူစားလဲမှုအချို့ ပြုလုပ်ပြီးနောက် ကစားကွက်ပေါ်လာပြီး ဂိုးများသွင်းယူကာ ပွဲအပြီးတွင် ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

စိတ်ဓာတ်ရေးရာပိုင်း

ထိုင်းနှင့် ဗီယက်နမ်ပွဲတွင် တစ်ဦးချင်း ဘောလုံးပညာနှင့် အသင်းလိုက်ကစားအားတို့ တူညီသည်ဟုဆိုလျှင် စိတ်ဓာတ်ရေးရာပိုင်းအရ ဗီယက်နမ်အသင်းအသာစီး၌ ရှိနေသည်။ ဗီယက်နမ်အသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်၌ အင်ဒိုနီးရှားအသင်းကို အရန်ကစားသမားများဖြင့် ပွဲထွက်ကစားပြီး သက်သောင့်သက်သာ အနိုင်ရခဲ့ခြင်းဖြစ်၍ ပွဲပန်းမှုဒဏ် မခံရချေ။ အင်ဒိုနီးရှားအသင်းကို ပထမပိုင်း မိနစ်၃၀ရောက်မှသာ အဖွင့်ဂိုး သွင်းယူနိုင်သော်လည်း ဒုတိယပိုင်းတွင် ဂိုးမိုးရွာပြီး ရှစ်ဂိုးပြတ်ဖြင့် အနိုင်ယူခဲ့သည်။

ပိန်မသာလိမ်မသာ

မြန်မာနှင့် မလေးရှားပွဲတွင် တစ်ဦးချင်းပဲ ယှဉ်ယှဉ်၊ အသင်းလိုက်ပဲ ချိန်ဆချိန်ဆ မြန်မာအသင်းက အပုံကြီးသာနေသည်။ မြန်မာအသင်း ဂိုးရလိုစိတ်မများဘဲ စိတ်အေးအေးထား၍ ကစားလျှင် ပထမပိုင်းမှာပင် ဂိုးရမည်ဖြစ်သည်။ မလေးရှားအသင်းသည် အင်ဒိုနီးရှားအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဖိလစ်ပိုင်အသင်းကိုနှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ဗီယက်နမ်ကို ကိုးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ အုပ်စု(က)၌ ဗီယက်နမ်အသင်းမှလွဲလျှင် အင်ဒိုနီးရှား၊ မလေးရှားနှင့် ဖိလစ်ပိုင်တို့၏ ခြေစွမ်းမှာ ပိန်မသာလိမ်မသာ ဖြစ်သည်။ မလေးရှားအသင်းတိုက်စစ် အားမရှိသလို ဂိုးသမားကလည်း အားနည်းသည်။

ချင့်ချိန်ရမည်

မြန်မာအသင်းအနေဖြင့် ဗိုလ်လုပွဲကိုသာ အဓိကအာရုံစိုက်ရမည်ဖြစ်၍ လာအိုနှင့်ပွဲတွင် အဝါကတ်ထိခဲ့ကြသော မိုင်နီလာထွေး၊ အေးနန္ဒာလှိုင်နှင့် မိုးမိုးဝါ၊ ထိုင်းနှင့်ပွဲတွင် အဝါကတ်ထိခဲ့သော မြင့်မြင့်အေးတို့ကို ထည့်သုံးရန်သင့်၊ မသင့် ချင့်ချိန်ရမည်ဖြစ်သည်။ ထိုင်းအသင်းကို အနိုင်ဂိုးသွင်းယူခဲ့သော မာဂရက်မေရီ၊ ပါဝင်ကစားရခြင်းမရှိသေးသော နောက်တန်းလူ စိမ်းချိုအောင်နှင့် ခင်မိုးဝေတို့ကို တာထွက်အသင်း၌ ပွဲထုတ်ရန် အခွင့်အရေးရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးဘောလုံးအသင်း အောင်မြင်မှုရရှိရေးကို အားလုံးက မျှော်လင့်တောင့်တနေကြသည်ဖြစ်ရာ တစ်ခဲနက် အားပေးကြရမည်ဖြစ်ပါကြောင်း ကြိုတင်သတင်းစကားပါး ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အုပ်စု(က)ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
ဗီယက်နမ်	၃	၃	၀	၀	၂၆	၀	၉
မလေးရှား	၃	၂	၀	၁	၄	၁၀	၆
အင်ဒိုနီးရှား	၃	၁	၀	၂	၃	၁၂	၃
ဖိလစ်ပိုင်	၃	၀	၀	၃	၃	၁၄	၀

အုပ်စု(ခ)ရပ်တည်မှုအနေအထား

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
မြန်မာ	၃	၃	၀	၀	၁၁	၀	၉
ထိုင်း	၃	၂	၀	၁	၂၁	၂	၆
လာအို	၃	၁	၀	၂	၄	၂၁	၃
စင်ကာပူ	၃	၀	၀	၃	၁	၁၄	၀

မလေးရှားအသင်း

စက်တင်ဘာ ၁၂ ရက်က ၂၀၀၇ ခုနှစ် တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းနှင့် နောက်ဆုံးပွဲယှဉ်ပြိုင် ကစားမည့် မလေးရှားအသင်းအား နည်းပြများနှင့် အတူ လူငယ် အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ စက်ဘီးလေ့ကျင့်ရေးကွင်းတွင် လေ့ကျင့်အပြီး တွေ့ရစဉ်။

(မြန်မာ့အလင်း)

လာမည့်နှစ်အနည်းငယ်အတွင်း တရုတ်၌ လေယာဉ်မှူး ၂၀၀၀ခန့် လိုအပ်မည်

ပေကျင်း စက်တင်ဘာ ၁၂

တရုတ်နိုင်ငံသည် လာမည့်နှစ်အနည်းငယ်အတွင်း မြို့ပြလေကြောင်း လိုင်းများ၌ လေယာဉ်မှူး ၂၀၀၀ ခန့် လိုအပ်မှုနှင့် ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသမီး လေယာဉ်မှူးများကို ပိုမိုခန့်ထားရန် ကြိုးစားနေကြောင်း တရုတ်အရာရှိကြီးတစ်ဦးက စက်တင်ဘာ ၆ ရက်၌ ပြောကြားသည်။

တရုတ်နိုင်ငံအနေဖြင့် လာမည့် ၂၀၁၀ပြည့်နှစ်၌ လေယာဉ်မှူး ၉၀၀၀ ကျော် ထပ်မံလိုအပ်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံရှိ လေကြောင်းလိုင်းများသည် တစ်နှစ်လျှင် လေယာဉ်အစင်း ၁၅၀ကျော်ကို တိုးချဲ့ပျံသန်းနေ၍ဖြစ်ကြောင်း၊ တရုတ်မြို့ပြလေကြောင်းဗဟို စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယအကြီးအကဲ ဂိုဟောင်ဖန်က ပြောကြားသည်။

လေ့ကျင့်

မိမိတို့သည် လောလောဆယ်တွင် လေယာဉ်မှူး ၇၀၀၀ ခန့်ကို လေ့ကျင့်ပေးလျက်ရှိကြောင်း၊ လေယာဉ်မှူး ၂၀၀၀ ခန့် လိုအပ်နေမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမျိုးသမီး အများအပြား လေယာဉ်မှူးလုပ်ရန် စိတ်ဝင်စားမှုရှိနေသဖြင့် မိမိတို့ စိတ်ကျေနပ်မှုဖြစ်ရကြောင်း လေယာဉ်မှူးပြုလုပ်လိုသော အမျိုးသမီးများအတွက် မိမိတံခါးဖွင့်ထားကြောင်းလည်း ၎င်းကပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အလူမီနီယံလုပ်ငန်းခွင်

ဆာဗီးယားနိုင်ငံ ကရာနီယက်မြို့ရှိ အလူမီနီယံထုတ်လုပ်ရေး စက်ရုံတစ်ခု၏ လုပ်ငန်းခွင်ကို စက်တင်ဘာ ၁၁ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကန်တို့ ဘဂ္ဂဒက်၌ လေကြောင်းမှတိုက်ခိုက်၊ ၁၄ ဦးသေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၁၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တစ်ဝိုက်တွင် အမေရိကန်စစ်ဘက်က တစ်ညလုံး လေကြောင်းမှတိုက်ခိုက်မှုကြောင့် ၁၄ ဦးသေဆုံးပြီး လူနေအိမ် ငါးလုံးပျက်စီးသွားကြောင်း အီရတ်ရဲတပ်ဖွဲ့က စက်တင်ဘာ ၆ ရက်၌ ကြေညာသည်။

ဝေဖန်ပြောကြားခြင်းမပြု

အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ယင်းကိစ္စနှင့်စပ်လျဉ်း၍ ချက်ချင်းတစ်စုံတစ်ရာ ဝေဖန်ပြောကြားခြင်းမပြုကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဘဂ္ဂဒက်မြို့တော် အနောက်ပိုင်း မန်ဆူးခရိုင်တွင် စက်တင်ဘာ ၅ ရက် ဒေသစံတော်ချိန် နံနက် ၃ နာရီက လေကြောင်းမှ တိုက်ခိုက်ကြောင်း၊ ဒဏ်ရာရသူကိုးဦးရှိပြီး လူနေအိမ် ငါးလုံးပျက်စီးကြောင်း ရဲတပ်ဖွဲ့ သတင်းများအရ သိရသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အီရန်နှင့် တူရကီသို့ ဆက်သွယ်ထားသည့် ဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲမှုဖြစ်ပွား

အန်ကာရာ စက်တင်ဘာ ၁၂

အီရန်မှ တူရကီနိုင်ငံသို့ ဆက်သွယ်ထားသည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှာ စက်တင်ဘာ ၉ ရက်က ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း တူရကီစွမ်းအင်အရာရှိများက ပြောကြားသည်။

ရပ်ဆိုင်းခဲ့

ပေါက်ကွဲမှုမှာ တူရကီနိုင်ငံအတွင်းတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်ပြီး လက်ရှိအခြေအနေတွင် ဓာတ်ငွေ့ပို့လွှတ်မှုကို ရပ်ဆိုင်းထားခဲ့ကြောင်း တူရကီအရာရှိတစ်ဦးက ပြောကြားသည်ဟု ရိုက်တာက ကိုးကားဖော်ပြသည်။

ဒုတိယအများဆုံး

အီရန်နိုင်ငံသည် ရုရှားနိုင်ငံပြီးလျှင် တူရကီနိုင်ငံသို့ ဒုတိယအများဆုံး သဘာဝဓာတ်ငွေ့ ထောက်ပံ့ပေးလျက်ရှိသည့်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း ရာ့ဂျ်ဆာမန်ဒေသတွင် ကုန်တင်ကားတစ်စီး တိမ်းမှောက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို စက်တင်ဘာ ၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ်းလွန်ရေနံထုတ်လုပ်မှုမှ ဒေါ်လာ ၁၇၄ သန်း လာမည့် ၂၀၁၂ ခုနှစ်၌ ကမ္ဘောဒီးယား ရရှိမည်

ဖနောင်ပင် စက်တင်ဘာ ၁၂

ကမ္ဘောဒီးယားနိုင်ငံ အနေဖြင့် လာမည့် ၂၀၁၂ ခုနှစ်၌ ကမ်းလွန်ရေနံထုတ်လုပ်မှုမှ အမေရိကန် ဒေါ်လာ ၁၇၄ သန်းရရှိနိုင်ကြောင်း အပြည်ပြည်ဆိုင်ရာငွေကြေး ရန်ပုံငွေအဖွဲ့က ပြောကြားကြောင်း ဖနောင်ပင်ပို့စ် သတင်းစာက စက်တင်ဘာ ၈ ရက်တွင် ကိုးကားဖော်ပြသည်။

ကမ္ဘောဒီးယား ကမ်းလွန်ရေပိုင်နက်အတွင်း ရေနံများစွာထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ ရေပိုင်နက်အတွင်းမှ ရေနံထုတ်လုပ်မှုများမှာ ၂၀၁၂ ခုနှစ်၌ ကမ္ဘောဒီးယား ရေနံဈေးကွက်၌ အမြင့်ဆုံးအဆင့်သို့ ရောက်ရှိလာကာ ဝင်ငွေ ၁ ဒသမ ၇ ဘီလီယံ ထပ်မံ ရရှိလာမည်ဖြစ်ကြောင်း အဆိုပါ သတင်းစာ၌ ဆက်လက်ဖော်ပြသည်။

ထုတ်လုပ်

ယခုအချိန်တွင် ကမ္ဘောဒီးယားနိုင်ငံ ဝင်ငွေ၏ ၁၁ဒသမ ၅ ရာခိုင်နှုန်းမှာ ရေနံထုတ်လုပ်မှုမှ ရရှိလျက်ရှိကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဗီယက်နမ် ရေနံဓာတုလုပ်ငန်း၌ စင်ကာပူ ရင်းနှီးမြှုပ်နှံမည်

ဟန္နိုင်း စက်တင်ဘာ ၁၂

စင်ကာပူနိုင်ငံရှိ အက်စ်ပီလုပ်ငန်းသည် ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ဖူယန်ပြည်နယ်တွင် ရေနံဓာတုဆိုင်ရာ လုပ်ငန်းဇုန်တစ်ခုနှင့် အထောက်အကူပြု အဆောက်အအုံများ တည်ဆောက်ရေးအတွက် အမေရိကန် ဒေါ်လာ ၁၁ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ဗီယက်နမ် လူငယ်သတင်းစာက စက်တင်ဘာ ၉ ရက်၌ ဖော်ပြသည်။

လက်မှတ်ရေးထိုး

ဗီယက်နမ်နိုင်ငံ ဒွန်ဟာခရိုင်အတွင်း မြေအကျယ်အဝန်း ဟက်တာ ၁၃၀၀ပေါ်တွင် အဆိုပါ ရေနံဓာတုဆိုင်ရာ စက်ရုံများနှင့် အဆောက်အအုံများကို တည်ဆောက်သွားရန် စင်ကာပူ၏ အက်စ်ပီလုပ်ငန်းနှင့် ဗီယက်နမ်၏ ဖူယန်ပြည်သူ့ကော်မတီတို့က စက်တင်ဘာ ၈ရက်၌ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

တည်ဆောက်

အဆိုပါ ရေနံဓာတုစက်ရုံ စီမံကိန်းများကို လာမည့် ၂၀၁၄ခုနှစ်၌ စတင်လည်ပတ်နိုင်ရန် စီစဉ်ထားသည်။ အက်စ်ပီအနေဖြင့် တန်ချိန် ၂၅၀၀၀၀ ရှိသည့် သင်္ဘောများဆိုက်ကပ်နိုင်သည့် ပင်လယ်ဆိပ်ကမ်းတစ်ခုကိုလည်း တည်ဆောက်သွားမည်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံ

ဗီယက်နမ်နိုင်ငံ အနေဖြင့်လည်း ကျောင်နိုင်ပြည်နယ်တွင် အမေရိကန်ဒေါ်လာ ၂ဒသမ၅ဘီလီယံ ရင်းနှီးမြှုပ်နှံကာ ရေနံသန့်စင် စက်ရုံတည်ဆောက်သွားမည်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

စီးကရက် မသောက်ရေးလှုံ့ဆော်ရန် ဗြိတိန်နိုင်ငံ၌ စီစဉ်လျက်ရှိ

လန်ဒန် စက်တင်ဘာ ၁၂

ဗြိတိန်နိုင်ငံပြည်သူများ စီးကရက်မသောက်ရေး သတိပေးသည့်အနေဖြင့် ၂၀၀၉ ခုနှစ်ကုန်တွင် စီးကရက်သောက်မှု အန္တရာယ်များကို မီးမောင်းထိုးပြသည့် သတိပေးရုပ်လွှာပုံရိပ်မျိုးစုံ စီးကရက် ဘူးခွံများပေါ်တွင် ရိုက်နှိပ်ဖော်ပြတော့မည်ဖြစ်သည်။

စီးကရက်ထုတ်လုပ်သည့် ကုမ္ပဏီများသည် ထိုစည်းမျဉ်းစည်းကမ်းများကို လာမည့်နှစ် အောက်တိုဘာလမှစ၍ လိုက်နာကြရတော့မည်ဖြစ်သည်။

ပြောကြား

ဤအစီအစဉ်ကို စီးကရက်သောက်မှုတိုက်ဖျက်ရေး စည်းရုံးလှုပ်ရှားသူများက ကြိုဆိုကြသည်။ သို့သော် စီးကရက်သောက်သူများ၏ ကိုယ်စားလှယ်များကမူ မတရားချုပ်ချယ်ခံရသည်ဟု ပြောကြားနေကြသည်။

စီးကရက်ဘူးများပေါ်၌ ဖော်ပြရန် ပုံပေါင်း ၄၀ အနက် ၁၅ ပုံကိုရွေးချယ်ထားကြောင်း ကျန်းမာရေးဌာနက ကြေညာမည်ဟုဆိုသည်။ **(အင်တာနက်)**

လေ့ကျင့်

ရုရှားနိုင်ငံ မော်စကိုမြို့တွင် အကြမ်းဖက်တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ရုရှားတပ်ဖွဲ့ဝင်များနှင့် တရုတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်နေကြသည်ကို စက်တင်ဘာ ၉ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်ဆံရေးများတိုးတက်ရန် သြစတြေးလျ၊ အင်ဒိုနီးရှားနှင့် မလေးရှားခေါင်းဆောင်များဆွေးနွေး

ကင်ဘာရာ စက်တင်ဘာ ၁၂

သြစတြေးလျဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်သည် အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်ဘန်းယူဒိုယိုနို၊ မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလ်ဘာဒါဝီတို့နှင့် ဆစ်ဒနီမြို့တွင် စက်တင်ဘာ ၉ ရက်က တွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ ကာကွယ်ရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ အပြန်အလှန်ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုများကို သြစတြေးလျနှင့် အင်ဒိုနီးရှား နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်သွားရန် ဂျွန်ဟောင်းဝပ်နှင့် ဆူစီလိုဘန်ဘန်းတို့ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေး

ထို့အတူ သြစတြေးလျနိုင်ငံ ဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်သည် မလေးရှားဝန်ကြီးချုပ် ဘာဒါဝီနှင့်လည်း တွေ့ဆုံကာ နှစ်နိုင်ငံအပြန်အလှန်ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန်နှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ တိုးမြှင့်လုပ်ဆောင်ကြရန် ဆွေးနွေးခဲ့သည်။

ပြုလုပ်

အဆိုပါခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးမှုမှာ အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေး ပြီးဆုံးပြီး နောက်တစ်နေ့၌ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

(အင်တာနက်)

ဆွစ်ဇာလန်နိုင်ငံတွင် ကျင်းပသောလေကြောင်းပြပွဲ၌ စွမ်းရည်ပြသနေသည့် တိုက်လေယာဉ်တစ်စင်းကို စက်တင်ဘာ ၁၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ် ရဲစခန်းကိုပုံးခွဲတိုက်ခိုက် ရဲတပ်ဖွဲ့ဝင် လေးဦးသေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၁၂

လက်နက်အပြည့်အစုံ ကိုင်ဆောင်ထားသည့် သေနတ်သမားများက အီရတ်နိုင်ငံမြောက်ပိုင်း ရဲစခန်းတစ်ခုမှ ရဲတပ်ဖွဲ့ဝင်လေးဦးကို စက်တင်ဘာ ၉ ရက်က သတ်ဖြတ်လိုက်ပြီး အဆောက်အအုံကိုလည်း ဖောက်ခွဲဖျက်ဆီးပစ်လိုက်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

တိုက်ခိုက်

ဘေဂျီမြို့အနီး ကျေးရွာတစ်ရွာကို မောင်းပြန်ရိုင်ဖယ်များ၊ ဒုံးပစ်လောင်ချာ(အာရ်ပီဂျီ)များ ကိုင်ဆောင်သည့် သေနတ်သမား နှစ်ဒါဇင်ခန့်က တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ဝင်လေးဦးလည်း ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။ **အမ်အင်န်အေ၊ရိုက်တာ**

နိုင်ဂျီးရီးယားတွင် နေအိမ်နှင့်ဈေးဆိုင်များ လက်နက်ကိုင်များ ဝင်ရောက်ဓားပြတိုက်

လာဂို့စ် စက်တင်ဘာ ၁၂

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့တောင်ပိုင်း အိုနစ်ရှာမြို့ဈေးဟောင်းလမ်းရှိ ဆိုင်များနှင့် အိမ်များအား သြဂုတ်၇ရက် ညနေပိုင်းက ဓားပြများဝင်ရောက်စီးနင်းခဲ့ကြောင်း၊ ဒိုင်ရာသုံးသန်း တန်ဖိုးရှိ ကုန်ပစ္စည်းများနှင့် ငွေသားများကို ယူဆောင်သွားခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

အသေအပျောက်မရှိ

ယင်းဖြစ်ရပ်တွင် အထိအခိုက် အသေအပျောက်မရှိကြောင်း၊ ဓားပြများသည် ဆိုက်ဘာကဖီးများ၊ ကုန်ခြောက်ဆိုင်များနှင့် လူနေအိမ်များကို ဝင်ရောက်စီးနင်းစဉ်အတွင်း ဓားစာခံများကို လေးနာရီကြာ ထိန်းသိမ်းထားခဲ့ကြောင်း ဖော်ပြသည်။ အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်ဝန်းမှ ခွေးရူးပြန်ရောဂါ ဆယ်နှစ်အတွင်း ဖယ်ရှားပစ်နိုင်

လန်ဒန် စက်တင်ဘာ ၁၂

အိမ်မွေးခွေးများကို ကာကွယ်ဆေးထိုးမှု အစီအစဉ်များ အလုံအလောက် ချမှတ် အကောင်အထည်ဖော်လျှင် ကမ္ဘာတစ်ဝန်းလုံးမှ ခွေးရူးပြန်ရောဂါကို ဆယ်နှစ်အတွင်း အပြီးတိုင် တိုက်ထုတ်ဖယ်ရှားပစ်နိုင်မည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

နှစ်စဉ် လူ ၅၅၀၀၀ခန့် သေဆုံးစေသည့် ခွေးရူးပြန်ရောဂါနှင့်စပ်လျဉ်း၍ အီဒင်ဘာရာတက္ကသိုလ် တော်ဝင်တိရစ္ဆာန်ဆေးကျောင်းမှ သုတေသီများက ကျယ်ကျယ်ပြန့်ပြန့် သုတေသနပြုကြသည်။

ဒုက္ခပေးနိုင်တော့မည်မဟုတ်

ခွေးများကို ကာကွယ်ဆေးများ အလုံအလောက် ထိုးပေးလျှင် ကမ္ဘာတစ်ဝန်းတွင် ခွေးရူးပြန်ရောဂါဖြစ်ပွားမှု အတောမသတ်ဖြစ်ခြင်းကို ရိုက်ချိုးပစ်နိုင်ပြီး လူသားတို့ကိုလည်း ဒုက္ခပေးနိုင်တော့မည်မဟုတ်ကြောင်း သိရသည်။

ခရီးပေါက်နိုင်

ကျေးရွာကို အခြေခံပြီး ကာကွယ်ဆေးထိုးမှုများပြုလုပ်လျှင် ခွေးကောင်ရေ ၇၀ရာခိုင်နှုန်းအထိ ခရီးပေါက်နိုင်မည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

(အင်တာနက်)

သစ်တော၊ သတ္တုနှင့်ဘိလပ်မြေထုတ်လုပ်ရေးကဏ္ဍများ ဗင်နီဇွဲလားနှင့်ဘိုလီးဗီးယားတို့ ပူးပေါင်းဆောင်ရွက်မည်

ကာရာကတ် စက်တင်ဘာ ၁၂

ဗင်နီဇွဲလားနှင့် ဘိုလီးဗီးယားနှစ်နိုင်ငံတို့အနေဖြင့် သစ်တော၊ သတ္တု၊ ရေနံနှင့်ဘိလပ်မြေထုတ်လုပ်ရေးလုပ်ငန်းတို့ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ကြရန် ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်နှင့် ဘိုလီးဗီးယားသမ္မတ အီဗိုမိုရာလက်စ်တို့ စက်တင်ဘာ ၉ရက်၌ သဘောတူ လက်မှတ်ရေးထိုးလိုက်ကြသည်။

အဆိုပါ သဘောတူညီချက်၌ ဘိုလီးဗီးယားနိုင်ငံတောင်ပိုင်း ဆန်တာခရုဇ်ပြည်နယ်ရှိ မူတန်တောင်ကြောတွင် သတ္တုနှင့်သံမဏိထုတ်လုပ်မှုများ ပြုလုပ်ရန်လည်း ပါဝင်သည်။

ခန့်မှန်းထား

ဘိုလီးဗီးယားနိုင်ငံရှိ မူတန်တောင်ကြောတွင် ၆၃ စတုရန်းကီလိုမီတာရှိသည့် သံနှင့်မဂ္ဂနီများထုတ်နိုင်သော သတ္တုကြောရှိသည်။ အဆိုပါ သတ္တုကြောမှာ သံနှင့်မဂ္ဂနီ ၄၂ဘီလီယံတန်ခန့် ထုတ်ယူရရှိနိုင်မည်ဟု ခန့်မှန်းထားသည်။

တည်ဆောက်မည်

ထို့အပြင် ဘိုလီးဗီးယားနိုင်ငံကို ချာအမ်ဘာမြို့တွင် ဘိလပ်မြေစက်ရုံ နှစ်ခုကိုလည်း တည်ဆောက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံတို့က အဆိုပါ စီမံကိန်းများကို ပူးတွဲအကောင်အထည်ဖော်သွားမည် ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပြသ

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ အရောင်းပြခန်းတစ်ခုတွင် အရောင်းမြှင့်တင်ရေး ဝန်ထမ်းများက အဝတ်လျှော်စက်နှင့် အခြောက်ခံစက်များအား ပြသနေသည်ကို စက်တင်ဘာ ၁၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံးခွဲ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများအား စက်တင်ဘာ ၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းရှင်းရေး လက်တွဲကြိုးပမ်းကြရန် တရုတ်သမ္မတ ပြောကြား

ဆစ်ဒနီ စက်တင်ဘာ ၁၂

ကိုရီးယားကျွန်းဆွယ်တွင် နျူကလီးယားကင်းရှင်းရေး ရည်မှန်းချက်အောင်မြင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံး ဆက်လက်လက်တွဲကြိုးပမ်းဆောင်ရွက်သင့်ကြောင်း တရုတ်သမ္မတဟူကျင်တောင်က သြစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ စက်တင်ဘာ ၇ ရက်တွင် ပြောကြားလိုက်သည်။

တာဝန်ရှိ

ထိုကိစ္စနှင့်စပ်လျဉ်း၍ အပြီးသတ် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ရေးအတွက် ကြိုးပမ်းရန် တာဝန်ရှိနေကြောင်း တောင်ကိုရီးယား သမ္မတနိုမူဟွန်းနှင့် တွေ့ဆုံစဉ် တရုတ်သမ္မတ ဟူကျင်တောင်က ပြောကြားလိုက်သည်။

ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းရှင်းရေးဦးတည်သည့် ခြောက်နိုင်ငံဆွေးနွေးပွဲက နောက်တစ်ဆင့်၌ ဆောင်ရွက်ရမည့် ခိုင်မာသော လုပ်ငန်းအခြေခံတစ်ရပ်ကို ချမှတ်ကာ ညှိနှိုင်းခြင်းဖြင့် သဘောထားကို တညီတညွတ်တည်းဖြစ်အောင် ဖော်ဆောင်နိုင်မှာဖြစ်ကြောင်း၊ ဤအောင်မြင်မှုမှာ ပူးတွဲကြိုးပမ်း ဆောင်ရွက်မှု၏ ရလဒ်ဖြစ်ကြောင်း၊ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းရှင်းရေးကို ဆောလျင်စွာ အကောင်အထည်ဖော်ရေးအတွက် တရုတ်နိုင်ငံက လက်တွဲ ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

ကိုထွေး - စုစည်းတင်ဆက်သည် ၁၂ - ၉ - ၂၀၀၇

မြန်မာတိုက်ကွမ်ဒိုအဖွဲ့ ပြိုင်ပွဲအကြိုရှင်း

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်လျက်ရှိသော မြန်မာတိုက်ကွမ်ဒို အားကစားအဖွဲ့၏ စာနယ်ဇင်းများနှင့် တွေ့ဆုံရှင်းလင်းပွဲကို ယနေ့မွန်းလွဲ၂နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ စာနယ်ဇင်းများမှ တာဝန်ရှိသူများအား မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် တစ်ဦးချင်းမိတ်ဆက်ပေးပြီး မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြလှိုင်က မြန်မာတိုက်ကွမ်ဒိုအားကစားအဖွဲ့၏ ပြင်ဆင်လေ့ကျင့်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး ဦးတင်ဝင်း၊ နည်းပြချုပ် Mr. Yu Ung Cho နှင့် နည်းပြအဖွဲ့ဝင်များက အားကစားသမားများနှင့် တစ်ဦးချင်း မိတ်ဆက်ပေးပြီး လေ့ကျင့်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တက်ရောက်လာကြသည့် စာနယ်ဇင်းများမှ တာဝန်ရှိသူများက သိလိုသည့်အချက်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည် ဖြေကြားကြသည်။

ပြန်လည်ရောက်ရှိ

မြန်မာတိုက်ကွမ်ဒို အားကစားအဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ၌ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ရန်အတွက် စက်တင်ဘာ ၁၅ရက်တွင် ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာကြမည်ဖြစ်သည်။ မြန်မာတိုက်ကွမ်ဒို အားကစားအဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းမြို့၌ ကိုရီးယားတက္ကသိုလ် လက်ရွေးစင်များနှင့် ၅၃ရက်ကြာ ပူးတွဲလေ့ကျင့်ပြီး နိုဝင်ဘာ ၇ရက်တွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

မြန်မာတိုက်ကွမ်ဒို အားကစားအဖွဲ့တွင် အုပ်ချုပ်သူနှစ်ဦး၊ နည်းပြသုံးဦး၊ အားကစားသမား ၁၆ဦး ပါဝင်မည်ဖြစ်သည်။ အမျိုးသား အားကစားသမားများအဖြစ် သူရကြည်၊ စအေးချမ်းငြိမ်း၊ စိုးမိုးလွင်၊ အောင်ငြိမ်းချမ်း၊ ဇေယျာလင်း၊ ဝဏ္ဏကိုကို၊ ဝင်းထွန်းလင်း၊ ဇာနည်ထွန်းနှင့် မောင်မောင်ဦး၊ အမျိုးသမီးအားကစားသမားများအဖြစ် စန္ဒာဝင်း၊ သီရိတင့်လွင်၊ အေးအေးခိုင်၊ စိုးစိုးမြ၊ မေစန္ဒာကျော်ဝင်း၊ ဆန်းငုဝါစုံနှင့် ရွှက်ဝါထွန်းတို့ ပါဝင်ကြသည်။

ရန်ကုန်တိုင်း မြို့နယ်ပေါင်းစုံ ဝူရှူးပြိုင်ပွဲ

ပထမအကြိမ် ရန်ကုန်တိုင်း မြို့နယ်ပေါင်းစုံ ဝူရှူးပြိုင်ပွဲကို စက်တင်ဘာ ၇ရက်မှ ၉ရက်အထိ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားရုံ၌ကျင်းပရာ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ အားကစားသမား ၂၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲအပြီးတွင် ဆန်းဆိုပွဲစဉ်၌ မင်္ဂလာဒုံမြို့နယ်အသင်းကလည်းကောင်း၊ ထောက်လုပြိုင်ပွဲ၌ စမ်းချောင်းမြို့နယ်အသင်းကလည်းကောင်း အနိုင်ရ ဗိုလ်စွဲသွားသည်။

အင်းစိန်မြို့နယ် ဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲ

အင်းစိန်မြို့နယ် ဘောလုံး ဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၀၇ ခုနှစ် အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၅ရက်မှ အောက်တိုဘာ ၁၄ ရက်အထိ ရန်ကုန်မြို့ မြန်မာ့မီးရထားအားကစားကွင်း၌ ကျင်းပလျက်ရှိရာ အင်းစိန်မြို့နယ်အတွင်းရှိ ရပ်ကွက်ပေါင်း ၂၄ ရပ်ကွက်မှ ဘောလုံးအသင်းများ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပါကစ္စတန်ဟော်ကီနည်းပြ မစ္စတာ Subedar Major Muhammad Jamil Butt အား မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌဦးကျော်နိုင် စခန်းသွင်းလေ့ကျင့်ရေးတာဝန်ခံ ဦးကျော်ငွေးသိန်း၊ မြန်မာနည်းပြနှစ်ဦးတို့နှင့်အတူ တွေ့ရစဉ်။

ပါကစ္စတန်နိုင်ငံဟော်ကီနည်းပြ မြန်မာဟော်ကီအဖွဲ့အား လေ့ကျင့်ပေးမည်

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာပဏာမလက်ရွေးစင် ဟော်ကီအသင်းကို လေ့ကျင့်သင်ကြားပြသပေးရန်အတွက် ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံအစိုးရ၏ အကူအညီဖြင့် ခေါ်ယူထားသော နည်းပြဆရာ Subedar Major Muhammad Jamil Butt သည် စက်တင်ဘာ ၉ရက်က ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ္မစ် သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်မှ ဦးခင်မောင်လတ်၊ ဦးကျော်ငွေးသိန်းနှင့် ဒေါ်ဆွေဇင်ထိုက်တို့က ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုကြသည်။

သင်ကြားပြသ

အဆိုပါ ပါကစ္စတန်နည်းပြသည် စက်တင်ဘာ ၁၀ ရက်တွင် ရန်ကုန်မြို့ အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)သို့ သွားရောက်၍ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်အား တွေ့ဆုံသည်။

အဆိုပါ နည်းပြသည် ယင်းနေ့ နံနက်ပိုင်းမှစတင်၍ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြက်ခင်းတုဟော်ကီကွင်း၌ မြန်မာပဏာမလက်ရွေးစင် အမျိုးသားဟော်ကီအသင်းနှင့် အမျိုးသမီးဟော်ကီအသင်းတို့အား လေ့ကျင့်သင်ကြားပြသပေးနေပြီး ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအထိ တာဝန်ယူလိုက်ပါဆောင်ရွက်သွားမည်ဖြစ်ကာ အမျိုးသား၊ အမျိုးသမီး ဟော်ကီဒိုင်လူကြီးများ အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးအဆင့်ဝင်ရောက်နိုင်ရေးအတွက်လည်း သင်ကြားပြသပေးသွားမည်ဖြစ်သည်။

ယင်းနည်းပြဆရာသည် ၁၉၇၇ ခုနှစ်မှ ၁၉၈၉ခုနှစ်အထိ လက်ရွေးစင် ဟော်ကီအားကစားသမားအဖြစ် လည်းကောင်း၊ ပါကစ္စတန်နိုင်ငံ တပ်မတော်ဟော်ကီအသင်းနည်းပြအဖြစ် ၁၉၉၀ ပြည့်နှစ်မှ မြန်မာနိုင်ငံသို့ ရောက်လာသည့် အချိန်ထိ နည်းပြအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံတကာဒိုင်လူကြီးအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။

ထမ်းဆောင်

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက်ပဏာမရွေးချယ်ထားသော မြန်မာဟော်ကီအားကစားသမားများအား လေ့ကျင့်ပေးလျက်ရှိသော အဆိုပါ ပါကစ္စတန်နည်းပြဆရာသည် မြန်မာနိုင်ငံတွင် နည်းပြဆရာတာဝန်ကို ၂၀၀၇ခုနှစ် ဒီဇင်ဘာလအထိ တာဝန်ထမ်းဆောင်ပြီး ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁ရက်မှစတင်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တပ်မတော်လက်ရွေးစင် ဟော်ကီအသင်း၏ နည်းပြဆရာအဖြစ်တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

လက်ရည်စမ်းပွဲ

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမတိုင်မီ မြန်မာပဏာမလက်ရွေးစင်ဟော်ကီအမျိုးသားအသင်းသည် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လက်ရွေးစင်ရှစ်ဦးတို့ပါဝင်သည့်ပို့ဆောင်ရေးဝန်ကြီးဌာန ဟော်ကီအသင်းနှင့် ချစ်ကြည်ရေးလက်ရည်စမ်းပွဲ ယှဉ်ပြိုင်ကစားရန် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်က စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- **ဆွီဒင်နိုင်ငံတောင်ပိုင်းတွင် စက်တင်ဘာ ၁၁ရက်က လေ့ကျင့်ပျံသန်းနေသော စစ်ရဟတ်ယာဉ်နှစ်စင်း တိုက်မိပြီး ပျက်ကျခဲ့ရာ အဆိုပါစစ်ရဟတ်ယာဉ်နှစ်စင်းမှ လေယာဉ်မှူးလေးဦးစလုံး သေဆုံးသွားကြောင်း ဆွီဒင်နိုင်ငံ မီဒီယာများက ဖော်ပြသည်။** (အပေါ်ပုံ)

- *အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့ရှိ ဘန်ဂူရင်နိုင်ငံတကာ လေဆိပ်တွင် စက်တင်ဘာ ၁၁ရက်က ချက်သမ္မတနိုင်ငံသို့ တင်ပို့မည့် ကုန်ပစ္စည်းများမှ အဆိပ်ရည်များ ယိုစိမ့်ထွက်ခဲ့မှုကြောင့် ခရီးသည်ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ အဆိုပါအဆိပ်ရည်များမှာ မြေသြဇာများထည့်ထားသော အိတ်များအတွင်းမှထွက်ရှိခဲ့ခြင်းဖြစ်ကြောင်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက ပြောကြားသည်။*

- **ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းချီကာဂွန်မြို့အနီး စက်တင်ဘာ ၁၂ရက် နံနက်က ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲမှုဖြစ်ပွားရာ မီးတောက်မီးလျှံများ ကောင်းကင်သို့ လွင့်တက်ခဲ့ကြောင်း၊ မီးသတ်ယာဉ်များ အမြန်ရောက်ရှိလာပြီး မီးငြိမ်းသတ်နေရကြောင်း အနီးဝန်းကျင်၌ စက်မှုလုပ်ငန်း ၂၅ခုခန့်ရှိနေ၍ ကြိုးစားပြီး မီးငြိမ်းသတ်ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

- *ရုရှားနိုင်ငံသည် စက်တင်ဘာ ၁၁ရက်က အလွန်အင်အားပြင်းသော ဗုံးတစ်လုံးကို စမ်းသပ်ဖောက်ခွဲလိုက်သည်။ အဆိုပါဗုံးသည် နျူကလီးယားဗုံး မဟုတ်သော်လည်း မီတာ၃၀၀အတွင်း ပျက်စီးမှုဆိုးရွားစွာဖြစ်စေနိုင်သည့် ဗုံးဖြစ်ကြောင်း ရုရှားမီဒီယာများက ဖော်ပြသည်။*

- **တရုတ်နိုင်ငံ စင်ကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အနောက်ပိုင်း ကူကာစီရင်စုတွင် စက်တင်ဘာ၁၁ရက်က ရှေးဟောင်းသင်္ချိုင်းဂူများကို ရှာဖွေတွေ့ရှိခဲ့ရကြောင်း၊ အဆိုပါသင်္ချိုင်းဂူများမှာ လွန်ခဲ့သော ဘီစီနှစ်ရာစုခန့်က ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။**

- *အိန္ဒိယနိုင်ငံတောင်ပိုင်း ဟိုင်ဒရာဘတ်မြို့အနီးတွင် အိန္ဒိယ စစ်ဘက်ရဟတ်ယာဉ်တစ်စင်း စက်တင်ဘာ၁၁ရက်က မတော်တဆ ဖြစ်ရပ်ကြောင့် ပျက်ကျခဲ့ရာ လေယာဉ်မှူးနှစ်ဦးသေဆုံးသွားကြောင်း အိန္ဒိယမီဒီယာများက ဖော်ပြသည်။*

- **ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်မြောက်ပိုင်း ဘိုဂရာစီရင်စုတွင် စက်တင်ဘာ ၁၂ရက် နံနက်က ကုန်တင်ယာဉ်တစ်စီး မတော်တဆဖြစ်ပြီး တိမ်းမှောက်သွားရာ အခြားကားများကို ဝင်ရောက်တိုက်မိရာ ၁၀ဦး သေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွားကြောင်း၊ မော်တော်ယာဉ်လေးစီးလည်း ပျက်စီးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

- *နာဆာမှ စေလွှတ်ထားသော အင်္ဂါဂြိုဟ်လှေ့လာရေးယာဉ် အော်ပိုကျူနီတီသည် အင်္ဂါဂြိုဟ်မျက်နှာပြင်ရှိ ဗစ်တိုးရီးယားဟု အမည်ပေးထားသော ချိုင့်ကြီးအတွင်းသို့ စက်တင်ဘာ ၁၂ရက်က စတင်ဆင်းသက်နေပြီဖြစ်ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်သည်။* **(အောက်ပုံ)**

(အင်တာနက်)

ကမ္ဘာ့ဖလား အာရှဇုန်ခြေစစ်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းစခန်းဝင်လေ့ကျင့်

တောင်အာဖရိကနိုင်ငံ၌ ကျင်းပမည့် ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲ အာရှဇုန်ခြေစစ်ပွဲစဉ်၌ ဝင်ရောက်ယှဉ်ပြိုင်ရန် ရည်ရွယ်၍ ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကို အားကစားသမား ၂၈ ဦးဖြင့် ရွေးချယ်ဖွဲ့စည်းပြီး စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

သူတို့ပါဝင်

ပဏာမမြန်မာ့လက်ရွေးစင် ဘောလုံးအသင်းတွင် (ဂိုး) **အောင်အောင်ဦး (ဘဏ္ဍာ/အခွန်)၊ ကျော်ဇင်ထက်(ဆောက်လုပ်ရေး)၊ ဟိန်းကျော်သူ (မြို့တော်စည်ပင်)၊ ညီညီလွင်(ပြည်ထဲရေး)၊** (နောက်တန်း)**မင်းသူ၊ ဇော်လင်းထွန်း (စီးပွား/ကူးသန်း)၊ အေးဆန်း၊ ဟန်ဝင်းအောင်၊ နေဝင်း(ကမ္ဘောဇ)၊ ခင်မောင်လွင်(လယ်ယာ/ဆည်မြောင်း)၊ အောင်ဇော်မျိုး(ခ) အောင်ဝင်းနိုင်(မြို့တော်စည်ပင်)၊ သူရအောင်(ဘဏ္ဍာ/အခွန်)၊ ကျော်ခိုင်ဝင်း၊ ဇော်ထက်အောင် (စွမ်းအင်)၊ ကျော်ဇေယျဝင်း(ပို့ဆောင်ရေး)၊** (အလယ်တန်း) **မိုးဝင်း၊ မျိုးမင်းထွန်း၊ ရာဇာဝင်းသိန်း၊ အောင်မျိုးသန့်(စီးပွား/ကူသန်း)၊ ထွန်းထွန်းဝင်း၊ စိုးလင်းထွန်း(ဘဏ္ဍာ/အခွန်)၊ အောင်မြင့်အေး(မြို့တော်စည်ပင်)၊** (ရှေ့တန်း) **စိုးမြတ်မင်း၊ ရန်ပိုင်၊ ပိုင်စိုး (ဘဏ္ဍာ/အခွန်)၊ အောင်ကျော်မျိုး (စွမ်းအင်)၊ စိုးသီဟအောင် (ဆောက်လုပ်ရေး)၊ စည်သူဝင်း (ပြည်ထဲရေး)တို့ပါဝင်ကြသည်။**

တာဝန်ယူဆောင်ရွက်

ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကို နည်းပြချုပ်အဖြစ်မားကိုစ့်အန်တိုနီယို (ဘရာဇီး)၊ နည်းပြအဖြစ် ဦးဉာဏ်ဝင်း (စီးပွား/ကူးသန်း)၊ လက်ထောက်နည်းပြများအဖြစ် ဦးအောင်နိုင်နှင့် ဦးကြည်လွင် (မြို့တော်စည်ပင်)၊ ဂိုးနည်းပြအဖြစ် ဦးမျိုးချစ် (မြို့တော်စည်ပင်)တို့ကတာဝန်ယူဆောင်ရွက်ကြသည်။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် အာရှဇုန်ခြေစစ်ပွဲစဉ်အဖြစ် အာရှတိုက်မှ ဘောလုံးအင်အားကြီးအသင်းများထဲ၌ပါဝင်သော တရုတ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်ကို အောက်တိုဘာ ၂၁ရက်တွင် တရုတ်နိုင်ငံ၌လည်းကောင်း၊ ဒုတိယအကျော့ပွဲစဉ်ကို အောက်တိုဘာ ၂၈ ရက်တွင် မြန်မာနိုင်ငံ၌လည်းကောင်း ကျင်းပမည်ဖြစ်သည်။

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

လာလီဂါဖလား ဘာစီလိုနာတို့ ဆွတ်ခူးနိုင်ပါ့မလား

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

မက်ဒရစ် စက်တင်ဘာ ၁၂

၂၀၀၇-၂၀၀၈ လာလီဂါဘောလုံးပွဲစဉ်တွေ ကစားနေတာဟာ ပွဲစဉ်(၂) ပြီးဆုံးသွားလို့ လာမယ့်စက်တင်ဘာ၁၆ရက်မှာ ပွဲစဉ်(၃)ကို ပြန်လည် ကစားပါတော့မယ်။ စပိန်လာလီဂါမှာတော့ ဒီနှစ်မှာရီးရဲမက်ဒရစ်လက်ထဲက ဖလားကို ရယူနိုင်စွမ်းအရှိဆုံးကတော့ ဘာစီလိုနာလို့ ဆိုပေမယ့် လောလောဆယ် ဘာစီလိုနာရဲ့အနေအထားဟာလည်းအကောင်းဆုံး အနေအထား မရှိသေးဘူးလို့ ဆိုရမှာဖြစ်ပါတယ်။

ဘာစီလိုနာဟာ ဒီနှစ်လာလီဂါ ရာသီမစခင်မှာ အာဆင်နယ်တိုက်စစ်မှူး အွန်နရီကို ပေါင်၁၆ဒသမ ၃သန်းနဲ့ ခေါ်ယူအားဖြည့်ခဲ့သလို တိုရေးကို ပေါင်၆ဒသမ၁သန်း၊ အဘီဒယ်လ်ကို ပေါင်၁၀ဒသမ ၂ သန်းနဲ့ မီလီတိုကို ပေါင် ၁၁ဒသမ ၅သန်းပေးပြီး ခေါ်ယူအားဖြည့်ခဲ့တာ ကြောင့် ဒီနှစ်နွေရာသီ ဘောလုံးသမား အားဖြည့်မှုမှာ စုစုပေါင်း ပေါင်ငွေ၄၄သန်းကျော် သုံးစွဲခဲ့ပြီး ဖြစ်ပါတယ်။

စိတ်ပျက်

ဒီလိုဘောလုံးသမားတွေအားဖြည့်ခဲ့လို့ ဘာစီလိုနာတိုက်စစ်မှာ ဂတ်ဂျွန်ဆင်၊ အီတူး၊အွန်နရီ၊ ရော်နယ်ဒင်ဟို၊ ဆန်တိုစ်တို့နဲ့ မြိုင်မြိုင်ဆိုင်ဆိုင်ရှိနေပါတယ်။ ဒါပေမယ့် ဒီနှစ်လာလီဂါ ပွဲစဉ်(၁)အဖြစ်အဝေးကွင်းမှာ ရေဆင်းနဲ့ ကစားတဲ့ အခါ ဂိုးမရှိသရေပွဲဖြစ်ခဲ့တဲ့အပြင် အမာခံဘောလုံးသမားတွေ အကုန် ထုတ်သုံးခဲ့ပေမယ့် ရေဆင်းအပေါ် ကစားကွက် အသာစီးမရခဲ့တာကြောင့် ဘာစီလိုနာ ဥက္ကဋ္ဌ ဂျွန်လာပေါ်တာ စိတ်ပျက်ခဲ့ရတယ်လို့ဆိုပါတယ်။

စောင့်ကြည့်

ဘာစီလိုနာနည်းပြ ဖရန့်ရစ်ကတ်က ဒီနှစ်မှာ လာလီဂါ ဖလားကို အရယူပေးမယ်လို့ကတိပြုထားတာကြောင့် ဂျွန်လာပေါ်တာကတော့ ကတိပေးထားတဲ့အတိုင်းလက်တွေ့မှာအကောင်အထည်ဖော်နိုင်၊ မနိုင်စောင့်ကြည့်နေပြီ ဖြစ်ပါတယ်။

ရင်ဆိုင်

ဘာစီလိုနာဟာဒီနှစ်မှာလာလီဂါ နှစ်ပွဲ ကစားပြီးတဲ့အချိန်မှာ ခြေစွမ်းအားရစရာ မရှိဘူးလို့ ဂျွန်လာပေါ်တာက သုံးသပ်ထားတာမို့ဘာစီလိုနာ နည်းပြ ဖရန့်ရစ်ကတ်က မကြာခင် ပုံမှန် ခြေစွမ်းပြန်ရမယ်လို့ ပြောကြားထားပေမယ့်လည်း အသင်းရဲ့ အဓိက ကစားသမားတွေ ဒဏ်ရာရရှိမှုတွေနဲ့ ကြုံတွေ့နေရလို့ အခက်အခဲနဲ့ ရင်ဆိုင်နေရပါတယ်။

ခံယူ

ဘာစီလိုနာအသင်းရဲ့တိုက်စစ်မှူး အီတူးဟာ ပြီးခဲ့တဲ့ စက်တင်ဘာ ၂ရက်က ကစားခဲ့တဲ့ အင်တာမီလန်နဲ့ ခြေစမ်းပွဲမှာ ဒဏ်ရာရရှိခဲ့တာကြောင့် ခွဲစိတ်ကုသမှုခံယူရမှာမို့ အနည်းဆုံး နှစ်လလောက်တော့ ဘောလုံးကစားလို့ မရပါဘူး။ အီတူးဟာ ညာဘက်ဒူးခေါင်းခွဲစိတ်ကုသမှု ခံယူဖို့ ရှိနေပါတယ်။

ကစားနိုင်

ဒီလိုပါပဲ တိုက်စစ်မှူးဂတ်ဂျွန်ဆင်ဟာလည်းယူရိုခြေစစ်ပွဲမှာ ခြေထောက်

ဒဏ်ရာရရှိခဲ့ပြန်တာကြောင့်လောလောဆယ်ပွဲတွေမှာ ပါဝင်ဖို့ မသေချာဘူး ဖြစ်နေပါတယ်။ ဒါပေမယ့် ဘာစီလိုနာအသင်း ဆရာဝန် ရာမွန်ကူဂတ်ကတော့ ဒီဘောလုံးသမားတွေ အမြန်ဆုံးပြန် ကစားနိုင်ပါလိမ့်မယ်လို့တော့ ပြောကြားထားပါတယ်။

ပြောင်းလဲမသွား

ဘာစီလိုနာနည်းပြ ဖရန့်ရစ်ကတ်ကတော့ မိမိတို့ ဘာစီလိုနာ အသင်းဟာ အရန်ဘောလုံးသမား အတောင့်

လာလီဂါဖလား အရယူရေးအတွက် နည်းဗျူဟာ အခင်းအကျင်း မှန်ကန်ရန်လိုအပ်နေသည့် ဘာစီလိုနာနည်းပြ ဖရန့်ရစ်ကတ်။
(ဓာတ်ပုံ-အင်တာနက်)

တင်းဆုံးရှိနေတဲ့အသင်းမို့ ကစားသမားတချို့ ထိခိုက်ဒဏ်ရာရမှုနဲ့ အသင်းရဲ့ ရလဒ်တွေ ပြောင်းလဲမသွားနိုင်ပါဘူးလို့တော့ ဆိုနေပါတယ်။

သွင်းယူ

ဘာစီလိုနာဟာ လာလီဂါပွဲစဉ်(၂)မှာ ဘီဘာအိုနဲ့ အိမ်ကွင်းမှာ ကစားခဲ့တဲ့ပွဲတုန်းက သုံးဂိုး-တစ်ဂိုးနဲ့အနိုင်ရရှိခဲ့ပေမယ့် ခြေစွမ်းကတော့ သင့်ရုံပဲရှိပါတယ်။ ဒီပွဲမှာ ရော်နယ်ဒင်ဟိုက နှစ်ဂိုးနဲ့ ယာယာတိုရေးက တစ်ဂိုး သွင်းယူနိုင်ခဲ့တာပါ။

အကောင်းဆုံး

ဘာစီလိုနာရဲ့ ကွင်းလယ်မှာ ဇမ်ဘရော့တာ၊ မက်ဆီ၊ ဒေကိုနဲ့ ယာယာတိုရေးတို့က အကောင်းဆုံးခြေစွမ်းပြနိုင်သူတွေပါပဲ။ ဘာစီလိုနာရဲ့အားဟာ တကယ်တမ်းမှာတော့ ကွင်းလယ်မှာ ရှိတာပါ။ ဘာစီလိုနာ ကွင်းလယ်

ကစားအားဟာ လာလီဂါမှာတော့ အကောင်းဆုံးလို့ဆိုရမှာဖြစ်ပါတယ်။

ပိုင်ဆိုင်

ဒါ့အပြင် ဘာစီလိုနာရဲ့ နောက်တန်းမှာလည်း မီလီတို၊ မာကွက်ဇ်၊ သူရမ်နဲ့ အက်မီလ်ဆင်တို့ ရှိနေတာကြောင့် မာကျောမှုတော့ ရှိနေပါတယ်။ ဒါပေမယ့် ဘာစီလိုနာနည်းပြ ဖရန့်ရစ်ကတ်ရဲ့ အခင်းအကျင်းကလည်း မှန်ကန်ဖို့ လိုအပ်တာမို့ အရည်အသွေးရှိတဲ့ ဘောလုံးသမားတွေ ပိုင်ဆိုင်ထားတိုင်း အောင်မြင်မှုရရှိဖို့ဆိုတာမသေချာပါဘူး။

ဘာစီလိုနာနည်းပြ ဖရန့်ရစ်ကတ်ရဲ့ ခေါင်းမာတတ်မှုနဲ့ အချိန်ကိုက်လူစားမထိုးနိုင်မှုတွေက အသင်း ရလဒ်ကို ထိခိုက်စေတာမို့ လာလီဂါ ဖလားရယူရေးမျှော်မှန်းချက်ထားရင် ဒီအချက်တွေကို ပြင်ဆင်ဖို့ လိုအပ်ပါလိမ့်မယ်။

ကိုင်မြှောက်ခွင့်ရ

၂၀၀၄-၂၀၀၅ နဲ့ ၂၀၀၅-၂၀၀၆ ဘောလုံးရာသီတွေမှာ လာလီဂါဖလား ရယူနိုင်ခဲ့တဲ့ ဘာစီလိုနာဟာ ၂၀၀၆-၂၀၀၇မှာ ဒုတိယနဲ့ ၂၀၀၇-၂၀၀၈ ဘောလုံးရာသီမှာတတိယနဲ့သာကျေနပ်ခဲ့ရတဲ့အတွက် ဒီနှစ်မှာ အိတ်သွန်ဖာမှောက်ကြိုးစားပြီး လာလီဂါဖလား ရရှိရေး ဦးတည်ကြိုးစားမှာမို့ ရာသီကုန်မှာ လာလီဂါဖလား လက်ဝယ်ကိုင်မြှောက်ခွင့်ရ၊ မရဆိုတာစောင့်ကြည့်ရမှာ ဖြစ်ပါကြောင်းရေးသား တင်ပြလိုက်ရပါတယ်။ ။ **(ကိုးကား-အင်တာနက်)**

မန်ယူတွင် ဂယ်ရီနဗီးလ် မကြာမီပြန်ကစားနိုင်တော့မည်



မန်ယူ အသင်းခေါင်းဆောင် ဂယ်ရီနဗီးလ်။
(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် စက်တင်ဘာ ၁၂

မန်ချက်စတာယူနိုက်တက်အသင်း ခေါင်းဆောင် ဂယ်ရီနဗီးလ်သည် ဒဏ်ရာကြောင့်ခြောက်လနီးပါး အနားယူဆေးကုသမှုခံယူနေရာမှ ပြန်လည်ကစားနိုင်ရန် နီးစပ်လာပြီ ဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။

အင်္ဂလန် ညာနောက်တန်း ကစားသမား ဂယ်ရီနဗီးလ်သည် မတ်၁၇ရက် ကတည်းက ခြေမျက်စိဒဏ်ရာရနေသဖြင့် ပြိုင်ပွဲများနှင့် လွဲခဲ့ရသည်။ ထို့အပြင် ရာသီအစတွင် ပေါင်ကြွက်သား အနာတရဖြစ်ခဲ့ရသည်။ မိမိသည် လာမည့်နှစ်ပတ်အတွင်း ပြန်လည်ကစားနိုင်ရန် မျှော်လင့်ထားကြောင်း ဂယ်ရီနဗီးလ်က ပြောကြားသည်။

ပြန်လာမည်

အကယ်၍ ဂယ်ရီနဗီးလ်ဒဏ်ရာများမှ ပြန်ကောင်းလာလျှင် အောက်တိုဘာလတွင် အက်စ်တိုးနီးယား၊ ရုရှားတို့နှင့် ကစားမည့် အင်္ဂလန်အသင်းအတွက် ယူရိုခြေစစ်ပွဲကစားရာ၌ နောက်တန်းကစားသမား မီကယ်ရစ်ချက်နှင့် အပြိုင်နေရာရရှိရေး ရန်းကန်ရင်ဆိုင်ရမည်ဖြစ်သည်။ ဂယ်ရီနဗီးလ်သည် မန်ယူနှင့် အင်္ဂလန်အသင်းတို့ အောင်မြင်မှုများ ရရှိနိုင်ရန် မကြာမီပြန်လာတော့မည် ဖြစ်သည်။

(အင်တာနက်)

ရှုံးပွဲမရှိ လက်ဝှေ့ချန်ပီယံနှစ်ဦး နိုဝင်ဘာလဆန်းတွင် ထိုးသတ်ကြမည်

စုစည်းတင်ပြသူ
မြင့်မောင်စိုး

ကာဒစ် စက်တင်ဘာ ၁၂

ဝေလလက်ဝှေ့အကျော် ဂျိုးကယ်ဇာချီက ၎င်းအနေဖြင့် ဝေလပြည်နယ် အရှေ့တောင်ပိုင်း ကာဒစ်မြို့၌ ထိုးသတ်မည့်ပွဲတွင် ပြိုင်ဘက်ဂျက်ဖ်လာစီနှင့် ထိုးသတ်သည့်ပွဲထက် မိုက်ကယ်ကက်စလာနှင့်ပွဲကို ပို၍ကောင်းအောင် ထိုးသတ်သွားရန် သန္နိဋ္ဌာန်ချထားကြောင်း ပြောကြားလိုက်သည်။

ယှဉ်ပြိုင်ထိုးသတ်

ဒဗလျူဘီအို စူပါမစ်ဒယ် ဝိတ်တန်းချန်ပီယံ ကယ်ဇာချီသည် နိုဝင်ဘာ၃ရက်တွင် ကာဒစ်မြို့ ထောင်စုနှစ် အားကစားကွင်းကြီး၌ ဒဗလျူဘီစီနှင့် ဒဗလျူဘီအေ ချန်ပီယံ ကက်စလာနှင့် ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။

စိတ်ဝင်စားဖွယ်

ယင်းတို့နှစ်ဦးစလုံးသည် ရှုံးပွဲမရှိသေးသည့် ချန်ပီယံများ ဖြစ်ကြသည်။ လက်ဝှေ့ပရိသတ်များ စိတ်ဝင်စားဖွယ်သည်းထိတ်ရင်ဖိုကြည့်ရှုရမည့် ပြိုင်ပွဲတစ်ရပ်ဖြစ်သည်။
(အင်တာနက်)



နိုဝင်ဘာလဆန်းတွင် ထိုးသတ်မည့် ကယ်ဇာချီ (ဝဲ)နှင့် မိုက်ကယ်ကက်စလာ။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမားဟောင်း လင်ဆေးဒေဗင်ပို့ တင်းနစ်ပြန်လည်ကစားပြီ

ဘာလီ စက်တင်ဘာ ၁၂

ကမ္ဘာ့နံပါတ်တစ် တင်းနစ် အားကစားမယ်ဟောင်း လင်ဆေးဒေဗင်ပို့သည် ဘာလီကျွန်း၌ ကျင်းပသော အမျိုးသမီးတစ်ဦးချင်း တင်းနစ် ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သည်။

အနိုင်ရ

ဂရင်းဆလမ်ဖလား သုံးဆုရှင် ဒေဗင်ပို့သည် ဖွန်လကပထမဆုံးကလေး မွေးဖွားခဲ့သည်။ ၎င်းသည် အဆိုပါ ပြိုင်ပွဲတွင် ဂရိမှ အဲလင်နီအား ၆-၂၊ ၆-၂ဖြင့် အနိုင်ရရှိလိုက်ခြင်းဖြစ်သည်။

အသက် ၃၁နှစ်ရှိ ဒေဗင်ပို့သည် ယမန်နှစ် ဆောင်းဦးရာသီက ကျောဒဏ်ရာ ဝေဒနာ ခံစားနေရသဖြင့် တင်းနစ်ကစားခြင်းမှ အနားယူခဲ့သည်။

လင်ဆေးဒေဗင်ပို့၏ တင်းနစ်ကစားဟန်။ (ဓာတ်ပုံ-အင်တာနက်)

သူမသည် ၁၉၉၈ခုနှစ်က ယူအက်စ်အိုးပင်းဖလားကို လည်းကောင်း၊ ၁၉၉၉ ခုနှစ်တွင် ဝင်ဘယ်ဒန်ဖလားကို လည်းကောင်း၊ ၂၀၀၀ပြည့်နှစ်တွင် ဩစတြေးလျအိုးပင်းဖလားကို လည်းကောင်း ဂရင်းဆလမ်ဖလားအဖြစ် ဆွတ်ခူးနိုင်ခဲ့သည်။

ရရှိ

၎င်းသည် ၁၉၉၆ခုနှစ်က အိုလံပစ် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့ရာ ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၂၁သန်း ရရှိခဲ့သည်။ **(အင်တာနက်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မန္တလေးတိုင်း မိခင်/ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့ ရေဘေးကယ်ဆယ်ရေး လုပ်ငန်းများအတွက် အလှူငွေပေးအပ်

မန္တလေး စက်တင်ဘာ ၅

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၃၀ရက် နံနက် ၉နာရီက မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းရေဘေးကယ်ဆယ်ရေးလုပ်ငန်းများအတွက် အလှူငွေများပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက အလှူငွေကျပ် ၁၀သိန်း၊ အဆင့်မြင့်ဈေးချိုတော်နှင့်တိုက်တန်းကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲက ငွေကျပ်ခြောက်သိန်းတန်ဖိုးရှိ ဆန်အိတ် ၄၀နှင့် ငွေကျပ်သိန်း ၂၀ တန်ဖိုးရှိ အဝတ်အထည်မျိုးစုံ၊ မြို့တော်ဘီစကွတ် ဒေါ်စန်းစန်းမြင့်က ငွေကျပ် ၁၄၁၀၀၀တန်ဖိုးရှိ ဘီစကွတ်ထုပ် ၆၀၀နှင့် ပေါင်မုန့်မျိုးစုံ၊ ဦးခင်မောင်ကြည်-သီဟသုမ္မေသီဂီ ဒေါ်စန်းစန်းဌေးက ငွေကျပ် ၁၄၁၀၀၀တန်ဖိုးရှိ ဘီစကွတ်ထုပ် ၆၀၀၊ အဆင့်မြင့် ရတနာပုံ မုန့်ကြော်ကြောင်း ဦးဟန်မြင့်မောင်-ဒေါ်တင်တင်စန်း မိသားစုက ငွေကျပ် ၂၈၂၀၀၀တန်ဖိုးရှိ ဘီစကွတ်ထုပ် ၁၂၀၀၊ ဦးစိုင်းလတ်-ဒေါ်ဝင်း(တောင်ကြီး မောက်မယ်)မိသားစုက အလှူငွေကျပ်တစ်သိန်း၊ ဒေါ်ထွေးထွေး (ခေတ်မီအထည်ဆိုင်)က အလှူငွေကျပ် ငါးသောင်းတို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်း ဟောင်း အနောက်ဘက်)တိုးချဲ့ မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက် အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သော မိဘများအား အမှူးထား၍ ရန်ကုန်တိုင်း အရှေ့ရန်ကင်း ရန်ကင်းမြို့နယ် တိုက် ၃၃၄ အခန်း၂၃နေ ဒေါ်ခင်သန်းမြင့်၊ ကိုသိန်းထူး-မနီလာညွန့်၊ သား ထူးထက်ကျော်၊ သမီးစုလှဲ့ထူးမွန် မိသားစုက အလှူငွေကျပ် တစ်သိန်းတစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်သောလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် အရှင်ကောဏ္ဍည(ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း အစားထိုး သစ်ပင်စိုက်ပွဲ ဖြူး၌ ကျင်းပ

ဖြူး စက်တင်ဘာ ၄

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဖြူးမြို့နယ် ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း၌ တည်ဆောက်ဆဲ စီမံကိန်းများတွင် အစားထိုးသစ်ပင် စိုက်ပျိုးရေးစီမံချက်အရ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဩဂုတ် ၂၄ရက် နံနက် ၉နာရီကကျင်းပရာ အမှတ်(၃) တည်ဆောက်ရေး ဒုတိယညွှန်ကြားရေးမှူးဒုတိယဗိုလ်မှူးကြီးသောင်းဟန် **(ယာပုံ)**၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊စီမံကိန်းဝန်ထမ်းအင်အား စုစုပေါင်း ၈၅၀ ကျော်တို့က အရိပ်ရပင်၇၅၀၀၊ ကြက်ဆူပင် ၇၀၀၀ စုစုပေါင်း အစားထိုး သစ်ပင် ၁၄၅၀၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပန်းအလှပင်များပျိုးထောင်

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း အရိပ်ရပင်နှင့် ပန်းအလှပင်များ ပျိုးထောင် ဆောင်ရွက်ထားမှုကို ဩဂုတ်၁ရက်က ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဦးချစ်မောင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

အလယ်တန်းပြဆရာများ သင်ကြားမှုမြှင့်တင်ရေး မွမ်းမံသင်တန်းဆင်းပွဲ တန့်ယန်း၌ ကျင်းပ

တန့်ယန်း စက်တင်ဘာ ၃

အမှတ်(၂)အခြေခံပညာဦးစီးဌာန(အထက်မြန်မာပြည်)၏ အခြေခံပညာအလယ်တန်းပြဆရာများ၏ သင်ကြားမှု အရည်အသွေးမြှင့်တင်ရေး အစီအစဉ်အရ တန့်ယန်းမြို့နယ် ပညာရေးဌာနက ကြီးမှူး၍ အခြေခံပညာအလယ်တန်းပြဆရာ၊ ဆရာမများသင်ကြားရေး မြို့နယ်အဆင့် မွမ်းမံသင်တန်း(၂၀၀၇)ကို ဇွန် ၂ရက်မှ ဩဂုတ်၅ရက်အထိ စနေ၊ တနင်္ဂနွေနေ့များတွင် ဖွင့်လှစ်ခဲ့ပြီး အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ်၅ရက် မွန်းလွဲ ၁နာရီက အခြေခံပညာ အလယ်တန်းကျောင်း သင်တန်းခန်းမတွင် ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးလှဌေးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းမှူး ဒေါ်လှလှအေး(အလယ်တန်းကျောင်းအုပ်ကြီး)က သင်တန်းဖွင့်လှစ်ရခြင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပေးအပ်

ယင်းနောက် မြို့နယ်ပညာရေးမှူးက သင်တန်းတွင် ထူးချွန်ဆုရ အလယ်တန်းပြဆရာဦးရန်နိုင်ဝင်း(အထက)အား ဂုဏ်ပြုဆုချီးမြှင့်ပေးပြီး သင်တန်းမှူးက သင်တန်းဆင်းလက်မှတ်များပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံယူသည်။

သင်တန်းသို့ တန့်ယန်းမြို့နယ်အတွင်းရှိ အခြေခံပညာအလယ်တန်းပြဆရာ၃၈ဦး တက်ရောက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ယင်းမာပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဆောင်ရွက်

ယင်းမာပင် စက်တင်ဘာ ၅

မုံရွာခရိုင် ယင်းမာပင်မြို့နယ်တွင် သွေးလွန်တုပ်ကွေး ရောဂါကာကွယ်နှိမ်နင်းရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များစုပေါင်း၍ မြို့ပေါ်ရှိ စာသင်ကျောင်းများ၊ မြို့မဈေးနှင့် ရပ်ကွက်များအတွင်း ခြင်ဆေးဖျန်းပေးခြင်းကို စီမံဆောင်ရွက်လျက်ရှိရာ ဩဂုတ်၃၀ရက်က အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်း စာသင်ဆောင်များနှင့် ကျောင်းဝန်းကျင်တို့တွင် ခြင်ဆေးဖျန်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးဝင်းဇော် ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ကူးစက်ရောဂါများ ကြိုတင်ကာကွယ်ရန် ပိုးသတ်ဆေးဖျန်း

မူဆယ် ဩဂုတ် ၃၀

မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၂)ဈေးအတွင်း ဩဂုတ် ၁၂ ရက်က သွေးလွန်တုပ်ကွေးရောဂါနှင့် အခြားကူးစက်ရောဂါများ ကြိုတင်ကာကွယ်ရန် ဈေးအတွင်းရှိ ရေနုတ်မြောင်းများ၊ အများသုံးအိမ်သာများ၊ အသားရောင်းဆိုင်များနှင့် ဈေးရုံများအတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆေးဖျန်းစက်ဖြင့် ပိုးသတ်ဆေးဖျန်းခြင်းကို ဒုတိယဦးစီးမှူး(ဈေး)ဦးအောင်မြင့်ထွန်းနှင့် ကျန်းမာရေးမှူး(၂) ဦးနွေလွန်ဦးတို့က ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
တော်သလင်းလဆန်း ၃ ရက်
၁၄-၉-၂၀၀၇
(သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀	တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ ဗောဇ္ဈင်္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၀:၀၀	**(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲဝင်များ လေ့လာရန် (ခေတ်ဟောင်း/ကာလပေါ်တေး)**
၁၁:၁၅	စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (ရွှေကျင်မြို့နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုအကြောင်း)
၁၁:၃၅	ထူးဆန်းထွေလာသတင်းပဒေသာ
၁၂:၀၀	သုတအဖြာဖြာ တိုင်းရင်းဆေးပညာ (လိမ္မော်သီးနှင့် ကျန်းမာရေး)
၁၂:၃၀	ဓာတ်လမ်းပမာနားဆင်စရာ (ရှိခြင်းသိခြင်းအကြောင်းတရားများ)

ညနေပိုင်း

၁၆:၁၀	ရာသီခါမီတေးပန်းချီ
	(၁) သည်မိုးမှောင်တုန်းခင်ပုန်းပါရစေ (အိဖြူ)
	(၂) တိမ်တမာန် (စန္ဒရားလှထွဋ်)
	(၃) ညိုးသည့်မိုး (ချစ်ဆုံးဝေ)
၁၇:၃၀	မေတို့ရေးရာသိမှတ်စရာ (မြန်မာနိုင်ငံအမျိုးသမီးစွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်နှင့် ဆွေးနွေးခန်း)
၁၇:၅၀	နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈:၂၅	ကျေးလက်ဓာတ်လမ်း (ပြောစရာမလိုပါ)
၁၈:၄၀	သိပ္ပံပညာသိကောင်းစရာ (မျက်နှာအကြောင်း-မောင်ဆုရှင်)
၁၉:၁၅	မြန်မာမှုမြန်မာ့သဘင်-ကွက်စိပ် (မင်္ဂလာအောင်ဟိန်း၏ အဓာတသတ်ကွက်စိပ်)
၂၀:၃၀	ခံစားနားဆင် မြန်မာတေးသံစဉ်
	(၁) အသည်းပန်းသခင်(ကိုအံ့ကြီး)
	(၂) မျက်လုံးဒေါက်ထောက်ကြည့်ဦးမယ် (နိုင်နိုင်မော်)
	(၃) မောင့်သက်လယ် (မောင်ကြည်တိုး)

13-9 (15) 1 9/13/07, 1:31 AM

နယ်စပ်ကုန်သွယ်မှု တိုးတက်ရေးဆိုင်ရာ စည်းဝေး ဒေသထွက်ကုန်များ တိုးမြှင့်တင်ပို့ရေး ရှင်းလင်း

စစ်တွေ စက်တင်ဘာ ၅

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန(စစ်တွေ)၏ နယ်စပ်ကုန်သွယ်မှု တိုးတက်ရေးဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၂၂ရက် မွန်းလွဲ၁နာရီက စစ်တွေမြို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သန်းထွန်းအောင် တက်ရောက် အမှာစကားပြောကြားသည်။ **(ယာပုံ)**

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် ကုန်သွယ်မှုတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ဒေသထွက်ကုန်များ တိုးမြှင့်တင်ပို့ရေးနှင့် ပို့ကုန်များ အရည်အသွေးကောင်းမွန်ရေး Value Added ပို့ကုန်များတင်ပို့ရေး၊ မှောင်ခိုလျော့နည်းပပျောက်ရေးတို့ကို ဆွေးနွေးညှိနှိုင်းခဲ့ပြီး ကုန်သည်လုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် နယ်စပ်ကုန်သွယ်ရေး ညွှန်ကြားရေးမှူးတို့က ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

အခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရဲနိုင်အောင်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ၊ နယ်စပ်ကုန်သွယ်ရေး ညွှန်ကြားရေးမှူးနှင့် OSS အဖွဲ့ဝင်များ၊ ကုန်သွယ်မှုနှင့် သက်ဆိုင်သော ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ် ကုန်သည်များ၊ စက်မှုအသင်းမှ ကုန်သည်များနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တောင်ကြီး၌ကျင်းပ

တောင်ကြီး စက်တင်ဘာ ၁

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ ၂၀၀၇ခုနှစ် ဩဂုတ်လ အလုပ်အမှုဆောင်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၃ရက် မွန်းလွဲ ၁နာရီက တောင်ကြီးမြို့ သစ်တောရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းမရှိ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ရုံးခန်းမတွင်ကျင်းပရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သင်းမျိုးမျိုးအောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမြင့်နှင့်ဌာနကြီး၊ လုပ်ငန်းအဖွဲ့၊ လုပ်ငန်းအဖွဲ့ခွဲ တာဝန်ခံများက မိမိတို့လုပ်ငန်းတာဝန်အလိုက်ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန် ကျန်ရှိသည့် အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက ဝိုင်းဝန်းညှိနှိုင်း ဆုံးဖြတ်၍ ရှေ့လုပ်ငန်းစဉ်များချမှတ်ပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကက လိုအပ်သည်များ မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(ပြည်နယ်အမျိုးသမီးရေးရာ)

ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် လျာထားသော ကျွဲဘိကျေးရွာ ရေကောင်းရေသန့်ရရှိစေရန် နှစ်လက်မတွင်းနက်တူးဖော်ခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဦးစိုးထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမော်လွင်တို့ ကွင်းဆင်း ကြပ်မတ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

စားသုံးဆီဖူလုံရေး နမ့်လန်၌ ဆီထွက်မြေပဲစိုက်ပျိုး

နမ့်လန် ဩဂုတ် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် သီပေါမြို့နယ် နမ့်လန်အတွင်း ကျင်းပသော ဒေသစားသုံးဆီ ဖူလုံရေးဆီထွက်သီးနှံ မြေပဲစိုက်ပျိုးပွဲ အခမ်းအနားကို ဩဂုတ် ၄ရက် နံနက် ၁၀ နာရီက အဆိုပါ နမ့်လန် အတွင်းရှိ လောလီးတောင်ခြေ စိုက်ကွင်း၌ ကျင်းပသည်။

မျိုးချစိုက်ပျိုး

အခမ်းအနားသို့ နမ့်လန်စခန်းမှူး ရဲအုပ်သိန်းထွန်း၊ နမ့်လန်ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းကျော်လှိုင်၊ အတွင်းရေးမှူး ဦးမျိုးမြင့်၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တောင်သူဦးကြီးများ တက်ရောက်ကြ၍ မြေပဲကို မျိုးစေ့ချစိုက်ပျိုးပေးပြီး တောင်သူဦးကြီးများအား မြေသြဇာများ ဖြန့်ဝေပေးကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ မြို့မဈေးကြီးအတွင်းရှိ ဆားအရောင်းဆိုင်များတွင် အိုင်အိုဒင်း ပါဝင်မှု ရှိမရှိကို ဇူလိုင် ၃၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းစိုး ခေါင်းဆောင်သောအဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ် ပြန်/ဆက်)

ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်စည်းဝေး ထူးချွန် ကျောင်းသားများ ဆုချီးမြှင့်

နေပြည်တော်ပျဉ်းမနား စက်တင်ဘာ ၁၁

နေပြည်တော်တပ်ကုန်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်း နှစ်ပတ်သင်းလုံးကျွတ် အစည်းအဝေး အခမ်းအနားနှင့် ထူးချွန် ကျောင်းသားများ ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၉ရက် နံနက် ၈နာရီက အသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ် ဥက္ကဋ္ဌဦးနေအောင်က အဖွင့် အမှာစကား ပြောကြားပြီး ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော လေးဘာသာ ဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာ ဂုဏ်ထူးရှင်နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်သုံးဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် သုံးဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများ ချီးမြှင့်သည်။

ထို့နောက် သဘာပတိအဖြစ် နေပြည်တော် ပျဉ်းမနား ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးခင်ထွန်းက သဘာပတိ အဖြစ် ဆောင်ရွက်ပြီး မြို့နယ် အလုပ်အမှုဆောင် ဒေါ်ခင်မိုးမိုးသိန်းက စီမံရေးရာနှင့် စည်းရုံးရေးရာ ကဏ္ဍများကို ဖတ်ကြား တင်သွင်းသည်။

ဆက်လက်၍ မြို့နယ် အလုပ်အမှုဆောင် ဦးစိုးတင်က စီးပွားရေးကဏ္ဍနှင့် လူမှုရေးကဏ္ဍများကို ဖတ်ကြားတင်သွင်းသည်။ ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရှေ့လုပ်ငန်းစဉ် (၉)ရပ်ကို မြို့နယ်အလုပ်အမှုဆောင်ဦးစိုးဝင်းထွန်းက တင်ပြ ဆွေးနွေးခဲ့ကြောင်း သိရသည်။

(ကြံ့ခိုင်ဖွံ့ဖြိုးရေး)

ဩဂုတ်၄ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ် နောင်ထော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် လူထုတွေ့ဆုံပွဲ အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းအောင်က နောင်ထော်အခြေခံပညာအထက်တန်းကျောင်းရှိ ချို့တဲ့နွမ်းပါး ကျောင်းသားကျောင်းသူများ သုံးစွဲရန်အတွက် ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဝ၄၈)

မြင်းခြံ-သာပေါင်း ကျေးရွာဆက်လမ်း ကျောက်ချောလမ်း အဆင့်တိုးမြှင့်

မြင်းခြံ စက်တင်ဘာ ၂

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နှင့်ကျေးရွာ ဆက်သွယ်သော လမ်းများကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၂၈ရက်က မြင်းခြံမြို့နှင့် သာပေါင်းကျေးရွာ ဆက်သွယ်သော ကျေးလက်လမ်းကို မြေသားလမ်းမှ ကျောက်ချောလမ်း အဆင့်သို့မြှင့်တင်ဆောင်ရွက်ပေးမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားမှူး ဦးလေးလွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဒေါ်မြင့်ဝင်းက လုပ်ငန်း ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါလမ်းမှာအရှည်ပေ ၁၂၂၀၊ အကျယ် ၁၂ပေရှိ၍ စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ်သိန်း ၃၀ဖြင့် ဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရန်ကုန်မြို့နေ ဦးကျော်ခင်နှင့်မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလုထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ နာယက ဗိုလ်မှူးချုပ်အောဘယ်လ်(ငြိမ်း)နှင့် ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးညွန့်တို့က လက်ခံယူစဉ်။ (က-ပ)

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း သြဂုတ် ၁ရက်က မော်လမြိုင်မြို့ သောက်သုံးရေ ပေးဝေရေး ရေစုကန်မှ ရေထိန်းသိမ်းရေးနှင့် ဖြန့်ဖြူးရေး ဆောင်ရွက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးဆွေက သောက်သုံးရေ ဖြန့်ဝေရေးကန်သုံးကန်ရှိ ရေစုကန်တွင် ရေဂါလန် ၁၅သိန်း စုဆောင်းထိန်းသိမ်းရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများကို ရုပ်ပုံကားချပ်ဖြင့် ကဏ္ဍအလိုက် ရှင်းလင်းတင်ပြစဉ်။ (၁၆၈)

သားငါးရောင်းချသော ဈေးရုံတန်းများ စုပေါင်းသန့်ရှင်း

ဟသ်ာတ စက်တင်ဘာ ၁၀

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ငွေဝင်းဈေးကြီးအတွင်းရှိ သားငါးရောင်းချသော ဈေးရုံတန်းများ အနံ့အသက်မရှိစေရေးနှင့် သန့်ရှင်းမှုရှိစေရေးအတွက် စက်တင်ဘာ ၂ရက်က ဈေးကော်မတီအဖွဲ့များ၊ ဈေးသူ ဈေးသားများပါဝင်လျက် အထူးသန့်ရှင်းရေးအဖြစ် သားငါးတန်းခုံနှင့် မြောင်းများ ဆေးကြောခြင်း၊ ထုံးမှုန့်ဖြူးခြင်းနှင့် တံမြက်စည်းလှည်း သန့်ရှင်းရေးစုပေါင်း ဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(ဈေး) ဦးငွေမြင့်အောင် ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်(၇၀)တက္ကသိုလ်ရိပ်သာလမ်းရှိ အင်းလျားဝေဠုဝန် ပရိယတ္တိစာသင်တိုက်အတွင်း ဆောက်လုပ်လျက်ရှိသော ပင်မသုံးထပ်ကျောင်းဆောင်ကြီးအတွက် လမ်းမတော်မြို့နယ် ၂လမ်း အမှတ် ၅၅နေ ဦးရွှေညွှန့်-ဒေါ်သောင်းကြည် မိသားစုက ငွေကျပ် ငါးသိန်းသုံးသောင်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဝေဠုဝန်နိကာယ ဗဟိုအကျိုးတော်ဆောင်ချုပ် ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ(အဂ္ဂမဟာပဏ္ဍိတ)ထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး ကျောင်းဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလှထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြို့နယ်သတင်းများ

အခမဲ့ဆေးကုသပေးရခြင်း ရည်ရွယ်ချက်ရှင်းလင်း ဖလမ်း၌ ဆေးရုံတက်လူနာများ အလှူငွေများပေးအပ်

ဖလမ်း စက်တင်ဘာ ၈

ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းသည် စက်တင်ဘာ ၆ရက်က ချင်းပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝါဝါ ဦးဆောင်သော အထူးကုဆရာဝန်ကြီးများ၏ ဖလမ်းမြို့ရှိ လူနာများအား အခမဲ့ကျန်းမာရေး ဆေးကုသမှုကို တက်ရောက်အားပေးသည်။

ဆေးကုသ

အခမ်းအနားတွင် ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝါဝါက အခမဲ့ဆေးကုသပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အထူးကုဆရာဝန်ကြီးများက လူနာ ၄၀၉ ဦးတို့အား ဆေးကုသမှုကို ဗိုလ်မှူးချုပ် ဟုန်းငိုင်းက ကြည့်ရှုအားပေးသည်။

ထို့နောက် ဆေးရုံတက်ရောက်သော လူနာများအား ဗိုလ်မှူးချုပ် ဟုန်းငိုင်း၊ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝါဝါတို့က အားပေးစကားပြောကြားပြီး အလှူငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ တောင်ငူ၌ကျင်းပ

တောင်ငူ စက်တင်ဘာ ၆

ပဲခူးတိုင်း တောင်ငူခရိုင် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို သြဂုတ် ၃၀ရက် နံနက် ၇နာရီက တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲအခမ်းအနားကို ခရိုင်ဥက္ကဋ္ဌ ဦးတင်ဝင်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကိုကျင်းပသည်။

ဆက်လက်၍ ညနေ ၅နာရီတွင် တောင်ငူခရိုင် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ပြိုင်ပွဲဝင် ၄၅ဦးက ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲဝင်ဘာသာရပ် အမျိုးအစား ၁၉မျိုးအလိုက် ဆုရသူများအား ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျောက်ချောခင်း

သြဂုတ် ၁၂ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးလုကာနှင့်အဖွဲ့ မိုင်းဖြတ်မြို့ မြို့ပြကွက်သစ် (၁)လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ်-၂၁၁(အမ်)

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဒေါ်မြင့်မြင့်ဌေး
မိတ္ထီလာမြို့။ ၂။ မောင်ငြိမ်းချမ်း
တရားနိုင် **တရားရှုံး**

၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ် ၄၅၄ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းများကို ၂၀၀၇ ခုနှစ် အောက်တိုဘာ ၁၅ ရက်၊ (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် သီတင်းကျွတ်လဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့ မြို့မ(၄)ရပ်ကွက် အကွက် (၁/လင်းဇင်း)၊ ဦးပိုင်အမှတ် (၁၇/ခ)၊ မြေကွက် (၂၁/၁၄၃)၊ ဧရိယာ ၀ ဒသမ ၀၂၀ဧကရှိ ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ (၃၀X၂၂)ပေ လူနေနှစ်ထပ်တိုက်၊ အကျယ်(၂၂X၁၂)ပေရှိ အဖီ၊ ရေချိုးခန်း၊ အုတ်တံတိုင်း။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၄၀၀။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် သြဂုတ် ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြင့်သိန်း
တွဲဖက်တိုင်းတရားသူကြီး(၂)
မန္တလေးတိုင်းတရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်-၁၁၃ (အမ်)

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဦးမြင့်သိန်း
မိတ္ထီလာမြို့။ ၂။ ဒေါ်ပြုံးပြုံး
တရားနိုင် **တရားရှုံး**

၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၇၄ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းများကို ၂၀၀၇ခုနှစ် အောက်တိုဘာ ၁၅ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် သီတင်းကျွတ်လဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့ အောင်ဆန်းရပ် အကွက်အမှတ် (၇၅၁/ခ-မြို့သစ်)၊ ဦးပိုင် (၁၄၆+၁၄၉)၊ မြေကွက် (၁၄၆+၁၄၉)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေနှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်၊ (၉ X ၂၇)ပေမီးဖိုချောင်၊ ကွန်ကရစ်ခင်း ဂိုဒေါင်၊ ရေချိုးခန်း၊ (၂၀ X ၂၀)ပေနှင့် (၄၀ X ၁၅)ပေ ကွန်ကရစ်ခင်းပလက်ဖောင်း၊ အုတ်တံတိုင်းအရှည် ပေ(၂၈၀)။

ကြမ်းခင်းဈေး ကျပ် ၉၅ သိန်း။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် သြဂုတ် ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြင့်သိန်း
တွဲဖက်တိုင်းတရားသူကြီး(၂)
မန္တလေးတိုင်းတရားရုံး။

G E S C

Chinese Education Training Center

- Library များကို စီစဉ်ပေးပြီး Tape & CD ပေးခြင်း၊
- Air-con ခန်းမနှင့် Computer ပါ သင်ကြားပေးခြင်း။

၂၃၈၊ ပြည်လမ်း၊ မြေနီကုန်းမှတ်တိုင်၊ ဖုန်း-၅၂၆၅၆၅။

အမွေပြတ် စွန့်လွှတ်ခြင်း

ကျွန်ုပ်၏အမှုသည် ဒေါ်မေမေညွန့် ၁၂/စခန(နိုင်)၀၂၈၂၈၃ အမှတ် ၈၂၊ ဂန္ဓာမာ ၂ လမ်း၊ FMI City၊ လှိုင်သာယာမြို့နယ်နေသူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဒေါ်မေမေညွန့်၏သား ကိုဇာဏီချစ်ဝင်း ၁၂/ရပသ(နိုင်)၀၅၅၄၂၁ သည် မိဘဆိုဆုံးမ ပြောစကားများကို အကြိမ်ကြိမ်မနာယူသည့်အပြင် ၅-၉-၂၀၀၇ ရက်က မိမိသဘောနှင့်မိမိ မိဘအိမ်မှဆင်းကာ မိဘ၏ သဘောမတူသူနှင့်အတူ သွားရောက်ပေါင်းသင်း နေထိုင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အုပ်ထိန်းသူ မိခင် ဒေါ်မေမေညွန့်အနေဖြင့် ယနေ့မှစ၍ ကိုဇာဏီချစ်ဝင်းကို သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်အပ်ပါသည်။ ၎င်းနှင့် စပ်လျဉ်း၍ မည်သည့် လူမှုရေး၊ စီးပွားရေး ကိစ္စအဝဝကိုမျှ တာဝန်ယူမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးဇော်မင်းစိန် (တရားရုံးချုပ်ရှေ့နေ)
၅၆၁ (ပ-ထပ်)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရုံးဖုန်း-၂၄၅၄၀၀၊ အိမ်ဖုန်း-၅၃၅၇၆၄။

ဖခင်အမည်မှန် မနုနုအေး ၁၁/စတန (နိုင်) ၀၂၉၆၂၁နှင့် မောင်ထွန်းလင်း ၁၁/စတန(နိုင်) ၀၀၀၈၆၇ တို့၏ ဖခင်အမည်မှန်မှာ လီသင်ဝိန် (ခ) အဝိန်ဖြစ်ပါသည်။
လီသင်ဝိန်(ခ)အဝိန် ၁၁/စတန(နိုင်)၀၂၆၅၃၆။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် သ/၉၂၀၃ အမျိုးအမည် Toyota Hilux အမျိုးအစား P/U (4 x 2)ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်လွင် အမျိုးသားမှတ်ပုံတင်အမှတ် ၆/လခန(နိုင်) ၀၁၅၂၃၅က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ခရိုင်ရုံး (ထားဝယ်)။

အမည်ပြောင်း

အဖ ဦးထွန်းလှိုင်၏ သမီး စစ်တွေမြို့ ဖိုးသာရှာ ပြည်တော်သာရပ်ကွက်နေ အထက(၄) အဋ္ဌမတန်း (A) မှ မယုလှိုင်ကျော်အား မချောကလျာလှိုင်ဟု ပြောင်းလဲခေါ်ပါရန်။
မချောကလျာလှိုင်။

အမည်ပြောင်း

(ဦးလှသောင်း)-ဒေါ်အေးအေးမြင့်တို့၏သမီး အထက(၅) မင်္ဂလာဒုံ ဆဋ္ဌမတန်း(E)မှ မစုလတ်ဖြိုးအား မစုမြတ်သော်ဟု ပြောင်းလဲခေါ်ပါရန်။
မစုမြတ်သော်။

ဖခင်အမည်မှန်

အထက (၂) အင်းစိန် တက္ကသိုလ်ဝင်တန်း(E)မှ နော်အယ်လဲပွဲပို၏ ဖခင်အမည်မှန်မှာ စောစဲမရယ် ဖြစ်ပါကြောင်း။
စောစဲမရယ်။

အမည်ပြောင်း

အဖ ဦးမောင်ငယ်ငယ်၏သား အထက(၂) အင်းစိန် တက္ကသိုလ်ဝင်တန်း (I)မှ မောင်သက်ထွန်းဇော်အား မောင်ကျော်သူအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်သူအောင်။**

ဖခင်အမည်မှန်

အထက (၂) အင်းစိန် နဝမတန်း (B)မှ မောင်ဗညားနွေဦး၏ ဖခင်အမည်မှန်မှာ ဦးယဉ်မင်းထွန်း ဖြစ်ပါကြောင်း။
ဦးယဉ်မင်းထွန်း။

မိမိတို့ဒေသတိုးတက်အောင် တက်ညီလက်ညီစည်းလုံးညီညွတ်စွာ လုပ်ဆောင် လူငယ်များ ပညာရည်မြင့်မားပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက် ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ တက်ကြွစွာ ပါဝင်ပူးပေါင်း

ရန်ကုန် စက်တင်ဘာ ၁၂

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မော်လမြိုင်မြို့ မွန်ပြည်နယ် မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရုံး၌ ဒေသဖွံ့ဖြိုးရေးကိစ္စများ ညှိနှိုင်းဆွေးနွေးကြသည်။

တက်ကြွစွာပါဝင်

မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ပြည်နယ်ရုံး၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအားတွေ့ဆုံ၍ စည်းရုံးရေးကိစ္စ၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

စက်တင်ဘာ ၁၂ ရက်က ၂၀၀၇ ခုနှစ် တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် မြန်မာအမျိုးသမီးဘောလုံးအသင်းအား နည်းပြများနှင့်အတူ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ စက်ဘီးလေ့ကျင့်ရေးကွင်းတွင် လေ့ကျင့်အပြီး ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ် ဗီယက်နမ်နှင့် ထိုင်း၊ မြန်မာနှင့် မလေးရှား ယနေ့ယှဉ်ပြိုင်မည်

သတင်းဆောင်းပါး – ကိုထွေး၊ ဓာတ်ပုံမှတ်တမ်း – သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၁၂

မြန်မာနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၀၇ ခုနှစ် တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ စက်တင်ဘာ ၆ ရက်မှစတင်၍ ကျင်းပလျက်ရှိရာ စက်တင်ဘာ ၁၁ ရက်က အုပ်စုပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်သည်။

ယှဉ်ပြိုင်ကစားကြမည်

အကြိုဗိုလ်လုပွဲစဉ်များကို စက်တင်ဘာ ၁၃ ရက် **(ယနေ့)** ညနေပိုင်းတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ ညနေ ၃နာရီခွဲတွင် ပထမပွဲစဉ်အဖြစ် ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းနှင့် ထိုင်းအမျိုးသမီးဘောလုံးအသင်း၊ ညနေ ၆ နာရီခွဲတွင် ဒုတိယအကြိုဗိုလ်လုပွဲစဉ်အဖြစ် မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် မလေးရှားအမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

တက်လှမ်းနိုင်ခဲ့

၂၀၀၇ ခုနှစ် တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အာဆီယံဒေသတွင်းနိုင်ငံများမှ လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းများ ပါဝင်ယှဉ်ပြိုင်ကြသည်။ အုပ်စုပွဲစဉ်များကို စက်တင်ဘာ ၆ ရက်မှ ၁၁ ရက်အထိ လေးသင်းစီပါဝင်သော အုပ်စုနှစ်စုခွဲ၍ ယှဉ်ပြိုင်ကစားကြရသည်။ အုပ်စုပွဲစဉ်များအပြီးတွင် အိမ်ရှင်မြန်မာအသင်း၊ လက်ရှိချန်ပီယံ ဗီယက်နမ်အသင်း၊ ထိုင်းအသင်းနှင့် မလေးရှားအသင်းတို့ အကြိုဗိုလ်လုပွဲစဉ်သို့ တက်လှမ်းနိုင်ခဲ့ကြသည်။ လာအိုအသင်း၊ စင်ကာပူအသင်း၊ အင်ဒိုနီးရှားအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ အုပ်စုအဆင့်ဖြင့် ကျေနပ်ခဲ့ရပြီး အိမ်ပြန်သွားကြပြီဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

ရန်ကုန် စက်တင်ဘာ ၁၂

၂၀၀၇ ခုနှစ် တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်ရာ ညနေ ၃ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည့် ဗီယက်နမ်နှင့် ထိုင်းပွဲစဉ်ကိုလည်းကောင်း၊ ည ၆ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည့် မြန်မာနှင့်မလေးရှားပွဲစဉ်ကိုလည်းကောင်း မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

အလွန်ပြင်းထန်သော မြေငလျင်တစ်ခုလှုပ်

နေပြည်တော် စက်တင်ဘာ ၁၂

၂၀၀၇ ခုနှစ် စက်တင်ဘာ ၁၂ ရက် မြန်မာစံတော်ချိန် ၁၇ နာရီ ၄၅ မိနစ် ၁၆ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ တောင်ဘက် မိုင် ၁၅၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာ (ဆူမားတြားတောင်ပိုင်း အင်ဒိုနီးရှားနိုင်ငံ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ ဒသမ ၉ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခုလှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။ (သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

အင်ဒိုနီးရှား၌ အင်အား ၈ ဒသမ ၂ ရှိငလျင်ကြီးလှုပ် ခုနှစ်ဦးသေဆုံး၊ ၁၀၀ ကျော်ဒဏ်ရာရ ဆူနာမီသတိပေးချက်များ ထုတ်ပြန်

ဂျကာတာ စက်တင်ဘာ ၁၂

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်း အနောက်ဘက်ကမ်းလွန်တွင် စက်တင်ဘာ ၁၂ ရက် ဒေသစံတော်ချိန် ၁၈း၁၀ နာရီက အင်အား ရစ်ချ်တာစကေး ၈ ဒသမ ၂ ရှိသော အင်အားပြင်းထန်သည့် မြေငလျင်လှုပ်သွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

၈ ဒသမ ၂

အဆိုပါ ငလျင်၏ပြင်းအားကို မူလတွင် သတင်းဌာနအချို့က ရစ်ချ်တာစကေး ၇ ဒသမ ၉ ဟု ဖော်ပြခဲ့သော်လည်း နောက်ပိုင်း၌ ရစ်ချ်တာစကေး ၈ ဒသမ ၂ ဖြစ်ကြောင်း အမေရိကန် ဘူမိဆိုင်ရာ လေ့လာရေးအဖွဲ့က ထပ်မံသတင်းထုတ်ပြန်ခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၃ ❒